# မိုးကြိုး သတင်းစဉ်

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

The Lightning Newsletter

အမှတ် (၁၀၈) ခရစ်နှစ်၊ ၂၀၁၀ခုနှစ်၊ ဖေဖော်ဝါရီလ | မြန်မာသက္ကရာဇ် (၁၃၇၁) | (၁၅-၁-၉၉) ရက်နေ့တွင် စတင်တည်ထောင်သည်။


## အမျိုးသားပြန်လည်သင့်မြတ်ဖို့အတွက် စစ်အစိုးရတွင်တာဝန်ရှိသည်ဟု

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်ထောင်စုနေ့တွင်ပြောဆို



အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် စစ်အစိုးရမှာတာဝန်ရှိတယ်လို့ ၆၃ နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားမှာတင်သွင်းတဲ့ အဖွဲ့ချုပ်ရဲ့စာတမ်းမှာ ဖော်ပြထားပါတယ်။

ဖေဖော်ဝါရီလ ၁၂ ရက်မှာ ကျရောက်တဲ့ (၆၃) ကြိမ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွှေဂုံတိုင်ရုံးချုပ်မှာ ကျင်းပခဲ့တာပါ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်ထောင်စုနေ့မှာ ကြေညာချက်တစောင်ထုတ်ပြန်ခဲ့ပြီး နိုင်ငံရေး နည်းလမ်းဖြစ်တဲ့ ငြိမ်းချမ်းစွာ တွေ့ဆုံ ဆွေးနွေးတာကနေ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်ရကာ ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီး လွတ်လပ်ရေးပါရရှိခဲ့တာဖြစ်တယ်လို့ ကြေညာချက်မှာ ရေးသားထားပါတယ်။

မြန်မာနိုင်ငံမှာ တမျိုးသားလုံးပြန်လည်သင့်မြတ်ရေးနဲ့ အခြေခံအခွင့်အရေးတွေရရှိဖို့ မဖြစ်မနေလုပ်ဆောင်ရမယ့်အချိန်ရောက်နေတဲ့အတွက် ပြန်လည်တည်ဆောက်ရေးတွေ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ စစ်အစိုးရမှာ အဓိကတာဝန်ရှိတယ်လို့

စာမျက်နှာ (၆) ကော်လံ (၁) သို့ ...

# ရွေးကောက်ပွဲအတွက်ဆုံးဖြတ်ဖို့အချိန်စောသေးကြောင်းဒေါ်အောင်ဆန်းစုကြည်ပြော

ဒီနှစ်အတွင်းမှာကျင်းပမယ့် ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မယ်၊ မပြိုင်ဘူးဆိုတာ ဆုံးဖြတ်ချက်ချဖို့ အချိန်စောသေးတယ်လို့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောလိုက်ပါတယ်။

ဖေဖော်ဝါရီလ ၉ ရက်က ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်မှာသွားရောက်တွေ့ဆုံခဲ့တဲ့ အကျိုးဆောင်ရှေ့နေ ဦးညဏ်ဝင်းကို ဒေါ်အောင်ဆန်းစုကြည်က ပြောလိုက်တာဖြစ်ပါတယ်။

အခုနှစ်ကျင်းပတော့မယ့် ရွေးကောက်ပွဲကို ကွက်ပြီးဆိုလိုခြင်းမဟုတ်ဘဲ ဘယ်ရွေးကောက်ပွဲမဆို Freedom of Information ရယ်၊ Freedom of Express ရယ် မရှိလို့ရှိရင် ဘယ်လိုမှ တရားမျှတတဲ့ရွေးကောက်ပွဲမဖြစ်နိုင်တဲ့အကြောင်းကို ဒေါ်အောင်ဆန်းစုကြည်က ပြောလိုက်တာပါ။

ဒါ့အပြင် ရွေးကောက်ပွဲနဲ့ပတ်သက်လို့ လိုအပ်တဲ့အချက်အလက်တွေရှိနေသေးတာမို့ ဆုံးဖြတ်ချက် မချနိုင်သေးဘူးလို့ ဒေါ်အောင်ဆန်းစုကြည်ကပြောတဲ့အကြောင်း ဦးညဏ်ဝင်းက ဗွီအိုအေကို ပြန်ပြောပြတာပါ။

စာမျက်နှာ (၆) ကော်လံ (၁) သို့ ...





## စစ်မှန်သည့်ပြည်ထောင်စုပေါ်ထွန်းရေး ဒဲန်ဒယ်လ်ဒီနှင့် ကောဒဲန်ယူသဘောတူ

# တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သာအဓိကကျ

အခြေခံအကျဆုံးအချက်က တမျိုးတည်း စစ်မှန်တဲ့ပြည်ထောင်စုပေါ်ထွန်းရေးပေါ့ဗျာ။ အဲဒါ ကတော့ တိုင်းရင်းသားတွေ တောင်းဆိုနေတဲ့ တန်းတူညီမျှရေးရယ်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရယ်ပေါ့နော်။ ဒီနှစ်ချက်က အဓိကအကျဆုံး။ ဒါသာလျှင် စစ်မှန်သော ပြည်ထောင်စုပေါ်လိမ့်မယ်။

**စောဒေးဗစ်သာကပေါ်။** ။ကျနော်တို့ကရင်တော်လှန်ရေးကတော့ ကျနော်တို့ဇရာဝတီတိုင်းကို ကရင်ပြည်နယ် သတ်မှတ်ပေးဖို့ အဲဒီလိုတောင်းဆိုမှုရှိတယ်။ အဲဒါကိုတောင်းဆိုတာ လွန်တယ်ဆိုပြီးတော့ နောက်ပြီးတော့ ဗိုလ်ချုပ်နေဝင်းကလည်း အာဏာလိုချင်တဲ့အခါကျတော့ သူက ကရင်ကို နှိမ်နင်းပစ်တယ်ပေါ့။ ဘာလုပ်လဲဆိုတော့ ကရင်–ဗမာ အဓိကရုဏ်းပုံစံမျိုး ဖန်တီးလိုက်တယ်။ ပြီးတော့ သူ့ရဲ့ခါးပိုက်ဆောင်တပ်တွေနဲ့ ကရင်ရွာတွေကို စပြီးတော့တိုက်တယ်။ တိုက်တာက ဘယ်မှာလဲဆိုတော့ *ပလောပလောက်*ပေါ့။ ဘိတ်ထားဝယ် နယ်စပ်မှာရှိပါတယ်။ အဲဒီကနေပြီးတော့ ဇန်နဝါရီလထဲမှာ အလုံကရင် ရပ်ကွက်ကိုဝင်ပြီးတော့ မီးရှို့တယ်။ နောက် သမိုင်းကိုမီးရှို့တယ်။ ပြီးတော့ အင်းစိန်ကို ၃၀ ရက်မရောက်ခင်မှာ၊ ၃၀ ရက် အပါအဝင်ပေါ့ ကရင်ရပ်ကွက်ကို ပစ်လားခတ်လား လုပ်တဲ့အခါမှာ ၃၁ ရက်နေ့မှာ ကရင်တွေက ရရာလက်နက်နဲ့ထပြီးတော့ ကျနော်တို့တိုက်ရတာပဲ။ အဲဒါက ကိုယ့်ကိုကိုယ်ကာကွယ်တဲ့အနေနဲ့ တိုက်ခိုက်မှုဖြစ်တယ်။ ကရင်တွေရဲ့လှုပ်ရှားမှုက ငြိမ်းချမ်းတဲ့နည်းနဲ့ ကိုယ့်အခွင့်အရေးရရှိရေး၊ အပေးအယူလုပ်ပြီးတော့ ပြဿနာများ ဖြေရှင်းရေးဆိုတဲ့ အခြေခံပါ။ ဒါပေမယ့်လို့ ဗိုလ်ချုပ်နေဝင်းက ကရင်လူထုနဲ့ ဗမာလူထု နားလည်မှုမှားတယ်ဖြစ်အောင် ရန်တိုက်ပြီးတော့ သူက ကျနော်တို့ကရင်ကို စတိုက်တာပါ။ အဲဒီမှာ တခုပြောချင်တာက အင်းစိန်တိုက်ပွဲက ၁၁၁ ရက်ပေါ့။ တချို့ကလည်း ၁၁၂ ရက်လို့ပြောတယ်။ အဲဒီမှာ စောဘဦးကြီးကို ငြိမ်းချမ်းရေးအတွက် ခေါ်တယ်ပေါ့။ ရန်ကုန်ရောက်တဲ့အခါကျတော့ ပြန်မလွှတ်ဘူး။ ဒီသွားပြီးတော့ အောင်သွယ်ပေးတာက အဲဒီတုန်းက သံရုံးက ပါကစ္စတန်ရယ်၊ အိန္ဒိယရယ်၊ နောက်ပြီးတော့ ဗြိတိသျှသံရုံးက အောင်သွယ်ပေးတယ်။ သူကလည်း ကြိုတင်သတ်မှတ်မှုမရှိဘဲသွားတယ်။ အလောတကြီးသွားတာပေါ့လေ။ ယုံယုံကြည်ကြည်နဲ့သွားတာ။ ရန်ကုန်ရောက်တော့ ဦးနုကနေပြီးတော့ ခင်ဗျားတို့မပြန်နဲ့တော့။ မလိုတော့ဘူး။ လက်နက်ချဖို့ပဲ ရှိတယ်ဆိုတော့ သူ့အနေနဲ့က ဘာပြောရလဲ ဆိုတော့ ကျနော်မပြန်ရင် ဘယ်လိုဖြစ်မလဲ။ ကျနော်ပြန်ပြီးတော့ ခေါင်းဆောင်တွေနဲ့ ဆွေးနွေးရမှာဖြစ်တယ်။ လက်နက်ချခိုင်းတာ။ အဲဒီတော့မှ ပြန်ခိုင်းတယ်။ စောဘဦးကြီးတို့အဖွဲ့ ရန်ကုန်မှာရောက်နေတဲ့အချိန်မှာ နေဝင်းက ဘာ လုပ်လဲဆိုတော့ သူ့ရဲ့စစ်သည်တွေကို လှိုင်မြစ်ကတဖက်ကမ်းကနေပြီးတော့ အင်းစိန်စစ်မျက်နှာကိုပို့တာပေါ့ဗျာ။ နေရာကောင်းတွေ တက်ယူတာပေါ့။ ကရင်တွေကလည်း ပစ်ရအခက်၊ မပစ်ရအခက်။ ဘာဖြစ်လို့လည်းဆိုတော့ စောဘဦးကြီးဦးဆောင်တဲ့အဖွဲ့က ဟိုးရန်ကုန်မှာရောက်နေတယ်။ ဆိုတဲ့အခါကျတော့ အဲဒီလိုခံရတာပါပဲ။ ကျနော်တို့ကရင်ကတော့ ရိုးသားတယ်။ တဖက်က ဗိုလ်ချုပ်နေဝင်းတို့က မရိုးမသားတဲ့ခြေလှမ်းနဲ့ အဲဒီလိုတော်လှန်ရေးမဖြစ်ဖြစ်အောင် သူတို့ တမင်သက်သက်ဆွတယ်လို့မြင်တယ်။ နောက်ပြီးတော့ ကရင်ကို အပြတ်ချေမှုန်းပစ်မယ်ပေါ့။ ပြီးတော့ အမျိုးမျိုးစွပ်စွဲတာပေါ့ဗျာ။ နယ်ချဲ့နောက်လိုက်တို့၊ နယ်ချဲ့သစ္စာခံတို့၊ အမေကျော် ဒွေးတော်လွမ်းတယ်တို့ အဲဒါမျိုးတွေပေါ့။

**ဦးဝင်းတင်။** ။ဦးဒေးဗစ်ပြောတာတွေ ကျနော်နားထောင်နေပါတယ်နော်။ နောက်တခုက ဒီဟာတွေနဲ့ပတ်သက်လို့ကလည်း ကျနော်တို့ တော်

**စာမျက်နှာ (၉) ကော်လံ (၁) သို့ ...**

# ဦးဝင်းတင်ရဲ့ခြေဆန့်လက်ဆန့်မူဝါဒစတင်



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်ရဲ့ မန္တလေးတိုင်းခရီးစဉ်အတွင်းချမှတ်ခဲ့တဲ့မူဝါဒအရ ပြုလုပ်တဲ့ စည်းရုံးရေးခရီးစဉ်အဖြစ် မြင်းခြံခရိုင်အတွင်းရှိ မြို့နယ်စည်းအဖွဲ့ဝင်တွေနဲ့တွေ့ဆုံပွဲကို မြင်းခြံမြို့တွင် ဇန်နဝါရီ (၂၄) ရက်က ပြုလုပ်ခဲ့ပါတယ်။

မြင်းခြံမြို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်းရဲ့ နေအိမ်မှာကျင်းပဖြစ်ခဲ့တဲ့ တွေ့ဆုံပွဲကို မန္တလေးတိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းတန်၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်သန်း၊ အနောက်မြောက်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်အောင်၊ ဦးတင်ထွဋ်ဦး၊ အမရပူရလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်မြင့်မောင်၊ ဦးမျိုးနိုင်၊ လူငယ်တာဝန်ခံဦးကိုကိုလေးနဲ့ အမျိုးသမီးတာဝန်ခံ ဒေါ်သန်းသန်းအေးတို့ တက်ရောက်ခဲ့ကြပြီး ခရိုင်တွင်း မြို့နယ်တွေက လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ စည်းအဖွဲ့ဝင် (၇၀) လောက်တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။

အခမ်းအနားတွင် မန္တလေးတိုင်းလူငယ်အကူအညီပေးရေးအဖွဲ့တာဝန်ခံ (၁) ဖြစ်တဲ့ ဦးကိုကိုလေးက လူငယ်ဖွဲ့စည်းရေးကိစ္စကို ဆွေးနွေးခဲ့ပြီး အမျိုးသမီးဖွဲ့စည်းရေးတာဝန်ခံ မန္တလေးတိုင်းစည်းအဖွဲ့ဝင် ဒေါ်သန်းသန်းအေးက မြို့နယ်အမျိုးသမီးဖွဲ့စည်းရေးကိစ္စနဲ့ပတ်သက်ပြီး တင်ပြဆွေးနွေးသွားခဲ့တယ်လို့ သတင်းများအရ သိရပါတယ်။

မြင်းခြံခရိုင်အတွင်းက ဖျက်သိမ်းခံထားရတဲ့အဖွဲ့အစည်းများ၊ ပျက်နေတဲ့မြို့နယ်စည်းအဖွဲ့တွေ ပြန်လည်ဖွဲ့စည်းရေးကိစ္စတွေကို ဆွေးနွေးခဲ့ကြပါတယ်။ ဆွေးနွေးပွဲတလျောက် အာဏာပိုင်များဘက်က တစုံတရာ နှောက်ယှက်ဟန့်တားတာမလုပ်ပဲ စောင့်ကြည့်နေခဲ့တယ်လို့ သိရပါတယ်။

"ဗဟိုအလုပ်အမှုဆောင် ကော်မတီအဖွဲ့ဝင်ဦးဝင်းတင် ကျနော်တို့ဆီလာသွားပြီးတဲ့နောက်မှာ ခြေဆန့်လက်ဆန့်ဆိုတဲ့ပေါ်လစီတရပ် ချခဲ့ပါတယ်။ ခြေဆန့်ဆိုတာက ကျနော်တို့ တိုင်းစည်းအဖွဲ့ဝင်များက မြို့နယ်များကိုဆင်းပြီးတော့ စည်းရုံးလုပ်ကိုင်ကြတာကိုခေါ်ပြီးတော့ လက်ဆန့်ဆိုတာကတော့ မဟာမိတ်ပါတီများနဲ့ ဆက်သွယ်လုပ်ကိုင်ခြင်း၊ ပြည်သူများရဲ့ အခြေအနေအခက်အခဲများကို မျက်မှောက်ပြုခြင်းဆိုတဲ့ဟာနဲ့ ခြေဆန့်လက်ဆန့်ပေါ်လစီနဲ့ ကျနော်တို့စတင်ဆောင်ရွက်သွားတာဖြစ်ပါတယ်"လို့ အနောက်မြောက်လွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်အောင်က ရှင်းပြပြောဆိုသွားပြီး ဆက်လက်ပြီးတော့လည်း အလားတူ စည်းရုံးရေးခရီးစဉ်များကို ပြုလုပ်သွားမှာဖြစ်တဲ့အကြောင်း ပြောသွားပါတယ်။ ♦

# စစ်ကျွန်အဖြစ်နှံ့နှစ်မခံ

# မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

# အယ်ဒီတာ့အာဘော်

## ရွေးချယ်ရမည့် လမ်းနစ်သွယ်

၂၀၁၀ ပြည့် (၆၃) နှစ်မြောက် ပြည်ထောင်စုနေ့တွင် **နအဖ** ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇) ရပ်အရ ယခုနှစ်တွင် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။ NLD ကလည်း ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဒီမိုကရေစီ စံနှုန်းများနှင့် မကိုက်ညီသောအချက်များကို သုံးသပ်ပြင်ဆင်ရေးနှင့် နိုင်ငံတကာ လေ့လာစောင့်ကြည့်မှုပါသော လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများဖြစ်လျှင် ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ရွှေဂုံတိုင် ကြေညာချက်မှတဆင့် တိုင်းသိပြည်သိ ကမ္ဘာသိ ကြေညာထားပြီးဖြစ်သည်။ သမိုင်းအစဉ်အလာနှင့် ဩဇာအရှိန်အဝါကြီးမားသော KNU အထွေထွေအတွင်းရေးမှူး နော်စီဖိုးရာစိန်ကလည်း ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသား အားလုံးလွှတ်ပေးရေး၊ တိုင်းရင်းသားအင်အားစုများကို စစ်ဆင်တိုက်ခိုက်မှုကို ရပ်စဲရေးနှင့် ၂၀၀၈ အခြေခံဥပဒေကို ပြန်လည်သုံးသပ်ရေးအစီအစဉ်ပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲတရပ်ကို သက်ဆိုင်သူအားလုံးပါဝင်စေလျက် ကျင်းပရေးတို့ကို မလွှဲမသွေလုပ်ဆောင်ရမည့် စံသတ်မှတ်ချက်များအဖြစ် ဖေဖော်ဝါရီလ (၁၃) ရက်နေ့ Nation သတင်းစာပါ World must not be misled by Burma's sham elections ဆောင်းပါးမှတဆင့် တင်ပြထားသည်ကို တွေ့ရသည်။

မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် အဓိကအခန်းကဏ္ဍကပါဝင်နေသည့် SPDC, NLD နှင့် KNU တို့၏ ၂၀၁၀ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ထားရှိသည့် သဘောထားများကို လေ့လာကြည့်ခြင်းဖြင့် မြန်မာပြည်တွင် စစ်မှန်သော အမျိုးသား ပြန်လည်သင့်မြတ်ရေးဖြစ်စဉ်ကို ဖော်ဆောင်နိုင်ရေးမှာ အလှမ်းဝေးလျက်ရှိကြောင်း ရင်လေးဖွယ်တွေ့မြင်နေရသည်။ ယနေ့ လိပ်ခဲတည်းလဲဖြစ်နေသော အတားအဆီးများနှင့်စပ်လျဉ်း၍ NLD နှင့်KNU တို့၏ သဘောထားများမှာ ထပ်တူထပ်မျှမဟုတ်စေကာမူ အခြေခံမူသဘောအရ တူညီမှုရှိနေပြီး နအဖနှင့်မူ ဆန့်ကျင်ဘက်ကွဲလွဲနေသည်ကို တွေ့မြင်ရသည်။

KNU နှင့် NLD တို့က တွေ့ဆုံဆွေးနွေးရေးကို တောင်းဆိုထားပြီး SPDC ကမူ တွေ့ဆုံဆွေးနွေးရေးကို လုံးဝပစ်ပယ်လျက်ရှိသည်။ အာဏာကိုအသုံးချလျက်၊ ပြည်သူလူထုကို ခြိမ်းခြောက်အကျပ်ကိုင်လျက် နိုင်ငံတကာမိသားစုကြီး၏ အကြံပြုချက်များကို လုံးဝမျက်ကွယ်ပြုလျက် **"ငါ့မြင်းငါစိုင်းစစ်ကိုင်းရောက်ရောက်၊ငါ့လှေငါထိုးပဲခူးရောက်ရောက်"** မူဝါဒဖြင့် ထင်ရာစိုင်းတော့မည်ဖြစ်သည်ကို ပြည်ထောင်စုနေ့ SPDC ဥက္ကဋ္ဌ သဝဏ်လွှာက အထင်အရှားပြသလျက်ရှိသည်။

စိန်ခေါ်နေသောမေးခွန်းကား KNU နှင့် NLD ဘာလုပ်ကြမည်နည်းဟူသည့် မေးခွန်းပင် ဖြစ်သည်။ သည့်ထက်ပိုအရေးကြီးသည့်မေးခွန်းကား အဖိနှိပ်ခံလူမျိုးစုံပြည်သူလူထုကြီးက ဘာလုပ်ကြမည်နည်း။ နအဖအလိုကျ တတိုင်းပြည်လုံး၊ တမျိုးသားလုံး စစ်ကျွန်အဖြစ် နှံ့နှစ်ခံတော့မည်လော။ သို့တည်းမဟုတ် သမိုင်းအစဉ်အလာကြီးမားခဲ့သော ဘိုးဘွားတို့၏ စံနမူနာကိုအတုယူလျက် လွတ်မြောက်ရေးတိုက်ပွဲကို ဆင်နွှဲကြမည်လောဟူသည့် မေးခွန်းပင်ဖြစ်သည်။ ဤမေးခွန်းကို ယခုနှစ်အတွင်း နိုင်ငံရေးပါတီများအပါအဝင် ပြည်သူလူထုကြီးက သမိုင်းရေးလိုအပ်ချက်အရ ဖြေကြားရတော့မည်ဖြစ်သည်။

စစ်ကျွန်အဖြစ်နှံ့နှစ်ခံကြတော့မည်ဆိုလျှင် နောင်ပေါက်ဖွားလာမည့် သားစဉ်မြေးဆက်များ၏ ကဲ့ရဲ့သံကြိုလ်အပြစ်ဆိုခြင်းမှ (၂၀၁၀) မြန်မာလူသားတို့ လွတ်ကင်းဖွယ်မရှိ။ **"ငါတို့ ဘိုးဘွားတို့ကား ညံ့ကုန်ကြတကား။ ငါတို့ လူချင်းမတူ သူချင်းမမျှဖြစ်ရခြင်းကား ဒင်းတို့ကြောင့်ပါတကား"** ဟု ငါတို့သင်္ချိုင်းများကို ဖနောင့်ဖြင့်နင်းချေ၍ ကျိန်ဆဲကြပေတော့မည်။

လွတ်မြောက်ရေးတိုက်ပွဲကိုဆင်နွှဲမည်ဆိုလျှင် နောင်လာနောက်သားတို့က **"ငါတို့ ဘိုးဘွားတို့ကား ရဲဝံ့စွတကား။ လူသားမျိုးနွယ်များအလယ်မှာ တင့်တင့်တယ်တယ် အခုလို နေထိုင်ရသည်မှာ ငါတို့ဘိုးဘွားများ၏ သူမတူသော စွန့်လွှတ် အနစ်နာခံမှု၊ ကိုယ်ကျိုးစွန့်မှုကြောင့်ပါလား။ ကမ္ဘာမြေပျက်သုဉ်းသည်အထိ ဘိုးဘွားတို့ပေးသော ဤစိတ်ဓာတ်အမွေကိုဆက်ခံလျက် သားစဉ်မြေးဆက်အကျိုးကို သယ်ပိုးအံ့"** ဟူ၍ ငါတို့သားမြေးတို့က ငါတို့ကို ဂုဏ်ပြုအမှတ်ရလျက် သံဓိဋ္ဌာန်များ ချမှတ်ကြလိမ့်မည်။

မည်သည့်လမ်းကို ရွေးမည်နည်း။

ယနေ့ပြည်သူလူထုနှင့် နိုင်ငံရေးပါတီများ၏ အဆုံးအဖြတ်သာ ဖြစ်တော့သည်။

# နိုင်ငံတော်လျှို့ဝှက်ချက်ပေါက်ကြားမှုနဲ့သေဒဏ်



ဗိုလ်မှူးဟောင်းဝင်းနိုင်ကျော်

ဗိုလ်မှူးဟောင်း ဝင်းနိုင်ကျော်နဲ့ နိုင်ငံခြားရေးဌာနဝန်ထမ်းတဦးဖြစ်တဲ့ ဦးသူရကျော်တို့ကို နိုင်ငံတော်ထိပ်တန်းလျှို့ဝှက်ချက်တွေ ပေါက်ကြားမှုနဲ့ ဇန်နဝါရီလ (၇) ရက်မှာ ထောင်ဒဏ်များနဲ့အတူ သေဒဏ်ကို တပေါင်းတည်း ကျခံစေခဲ့ပါတယ်။

ဗိုလ်မှူးဝင်းနိုင်ကျော်ကို အရေးပေါ်စီမံချက်ဥပဒေပုဒ်မ (၃) အရ သေဒဏ်နဲ့အတူ အီလက်ထရွန်းနစ်နဲ့ဆိုင်တဲ့ပုဒ်မ၊ အစိုးရနဲ့သက်ဆိုင်တဲ့ စာရွက်စာတမ်းများပေါက်ကြားမှုပုဒ်မ၊ တရားမဝင်နိုင်ငံခြားငွေကြေးကိုင်ဆောင်မှုပုဒ်မတို့အရ ထောင်ဒဏ်အနှစ် (၂၀) ချမှတ်လိုက်ပါတယ်။

အလားတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဥရောပရေးရာဌာနက အကြီးတန်းစာရေးဖြစ်တဲ့ ဦးသူရကျော်(ခ) အောင်အောင်ကိုလည်း အရေးပေါ်စီမံချက်အက်ဥပဒေအရ သေဒဏ်နဲ့အတူ အီလက်ထရွန်းနစ်နဲ့ဆိုင်တဲ့ ပုဒ်မအရ ထောင်ဒဏ် (၁၅) နှစ်ချမှတ်လိုက်ပြီး၊ ကိုဇော်နိုင်(ခ) အစီးကိုလည်း အီလက်ထရွန်းနစ်ပုဒ်မအရ ထောင်ဒဏ် (၁၅) နှစ် အသီးသီးချမှတ်လိုက်ပါတယ်။

"နအဖအနေနဲ့က ပုဂ္ဂိုလ်တဦးတယောက်ကိုမကျေနပ်ရင် သူနဲ့နီးစပ်သူတွေကို တနည်းငင်တစင်ပါ သိမ်းကျုံးအရေးယူတာတွေ၊ ဖမ်းဆီးအပြစ်ပေးတာတွေရှိတဲ့အပြင် ထိပ်တိုက်ရင်ဆိုင်လာသူတွေကိုလည်း ပြတ်ပြတ်သားသားနဲ့ နောက်လူများကြောက်လန့်သွားပြီး အလားတူကိစ္စများ လုပ်မလာရဲအောင် ရက်ရက်စက်စက်ပြုမူတာတွေရှိခဲ့ပါတယ်။ ဥပမာ ဗိုလ်ကြီးကျော်စွာမြင့်တို့ ဗိုလ်ကြီးအုန်းကျော်မြင့်တို့လိုကိစ္စမျိုး ဖြစ်တယ်လို့" မြန်မာနိုင်ငံ မျိုးချစ်စစ်သည်ဟောင်းများအစည်းအရုံး ဥက္ကဋ္ဌ ဗိုလ်ကြီးဟောင်း ဦးခင်မောင်ညွန့်က ပြောပါတယ်။

ဆက်ပြီးတော့ သတင်းပေါက်ကြားတဲ့ကိစ္စနဲ့ပတ်သက်လို့လဲ အမှန်တရားဟာ တားဆီးလို့မရနိုင်တဲ့အကြောင်း၊ လက်ရှိတပ်တွင်း အခြေအနေတွေကလည်းအပြင်ကို ပေါက်ကြားနေဆဲဘဲဖြစ်တဲ့အကြောင်း ဦးခင်မောင်ညွန့်က ပြောပါတယ်။

အရေးပေါ်စီမံချက်ဥပဒေနဲ့ ပတ်သက်လို့ လက်ရှိစစ်အစိုးရဟာ ဖွဲ့စည်းပုံနဲ့တက်လာတဲ့အစိုးရမဟုတ်တဲ့အတွက် သေဒဏ်အပြစ်ပေးပိုင်ခွင့်မရှိဘူးလို့ ရန်ကုန်က ဝါရင့်ဥပဒေအတိုင်ပင်ခံတဦးက သုံးသပ်ပြပါတယ်။

အရေးပေါ်စီမံချက်ဥပဒေဟာ နိုင်ငံရေးမတည်မငြိမ်ဖြစ်တဲ့အချိန်မှာ ဖြစ်ပေါ်လာတဲ့ ဆူပူသောင်းကျန်းမှုတွေကိုအရေးယူနိုင်ဘို့ ရည်ရွယ်ထားတဲ့ဥပဒေဖြစ်တဲ့အတွက် ဒီဥပဒေနဲ့ အရေးမယူနိုင်ဘူးလို့ ဟောင်ကောင်အခြေစိုက် အာရှလူ့အခွင့်အရေးကော်မရှင်က ရှေ့နေ ဦးမင်းလွင်ဦးကလည်း ထောက်ပြပြောဆိုပါတယ်။

ဗိုလ်မှူးဝင်းနိုင်ကျော်ဟာ ၂၀၀၁ ခုနှစ်က ရဟတ်ယာဉ်ပျက်ကျပြီး ကွယ်လွန်ခဲ့တဲ့ နအဖအတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးရဲ့ ကိုယ်ရေးအရာရှိဖြစ်ခဲ့တဲ့အပြင် ထောက်လှမ်းရေးအရာရှိတာဝန်ကိုလည်း ယူခဲ့တဲ့သူဖြစ်ပါတယ်။

၂၀၀၅ ခုနှစ်မှာ တပ်မတော်က ထွက်ပြီး အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတခုမှာ တာဝန်ထမ်းဆောင်နေရင်း အခုလိုအပြစ်ပေးခံရတာဖြစ်ပါတယ်။ ဦးသူရကျော်နဲ့ ဦးဇော်နိုင်တို့ကလည်း နိုင်ငံခြားရေးဌာနတွေမှာ အသီးသီး တာဝန်ထမ်းဆောင်နေကြသူတွေ ဖြစ်ပါတယ်။

## ၂၀၁၀ ရွေးကောက်ပွဲ ရိုးသားမှုမရှိကြောင်း

### ထိုင်းသတင်းစာများရေးသားဖော်ပြ

၂၀၁၀ ခုနှစ်အတွင်းမှာ ရွေးကောက်ပွဲကျင်းပဖို့ပြောထားပေမယ့် သတ်မှတ်တဲ့ရက်ကို မကြေညာနိုင်သေးတာနဲ့ပတ်သက်ပြီး စစ်အစိုးရက မရိုးမသားလုပ်နေတယ်လို့ ဇန်နဝါရီလ (၇) ရက်ကထုတ်တဲ့ The Nation သတင်းစာရဲ့ အယ်ဒီတာ့အာဘော်မှာရေးသားထားပါတယ်။

၂၀၁၀ ခုနှစ်အတွင်းမှာ ကျင်းပမယ့် ရွေးကောက်ပွဲအတွက် အချိန်ဇယား၊ ရွေးကောက်ပွဲထင်သာမြင်သာရှိရေးနဲ့ လွတ်လပ်ပြီး တရားမျှတမှုရှိမရှိဆန်းစစ်ဝေဖန်နိုင်မယ့်ဥပဒေပြဋ္ဌာန်းခြင်းမရှိသေးတဲ့အချက်တွေဟာ မပြေလည်နိုင်စရာအကြောင်းတွေအဖြစ်ဆက်ရှိနေအုံးမှာဖြစ်တယ်လို့ ရေးသားထားပါတယ်။

ဆက်ပြီးတော့ ယုံကြည်လက်ခံနိုင်စရာ ရွေးကောက်ပွဲဖြစ်ဖို့အတွက် အဓိပ္ပါယ်ရှိတဲ့ခြေလှမ်းတွေကိုလည်း မတွေ့ရသေးဘူးလို့ အမေရိကန်အစိုးရရဲ့ နိုင်ငံခြားရေးဌာနက ပြောဆိုနေတာတောင် မြန်မာစစ်အစိုးရအနေနဲ့ ခေါင်းမာနေတာဟာ ကျင်းပတော့မယ့်ရွေးကောက်ပွဲမှာ စစ်အစိုးရအနေနဲ့ အသာစီးရအောင် လုပ်ဆောင်နေတာ ထင်ရှားနေတယ်လို့ သတင်းစာမှာ ရေးသားထားပါတယ်။



## နိုင်ငံရေးတက်ကြွလှုပ်ရှားသူ (၁၅) ဦးကို ကြီးလေးတဲ့ပြစ်ဒဏ်များချမှတ်

မန္တလေးတိုင်း မြင်းခြံ၊ ညောင်ဦးနှင့် ကျောက်ပန်းတောင်းမြို့နယ်များမှ နိုင်ငံရေးလှုပ်ရှားတက်ကြွသူ (၁၅) ယောက်ကို ပြီးခဲ့တဲ့ ဒီဇင်ဘာ (၃၀) ရက်က မန္တလေးအိုးဗိုထောင်တွင်းတရားရုံးက အနိမ့်ဆုံးပြစ်ဒဏ် (၂) နှစ်ကနေ အမြင့်ဆုံး (၇၁) နှစ်အထိ ထောင်ဒဏ်အသီးသီးချမှတ်လိုက်ပါတယ်။ မြင်းခြံက နိုင်ငံရေးတက်ကြွလှုပ်ရှားသူတဦးဖြစ်တဲ့ ကိုမျိုးဟန်ကို အီလက်ထရောနစ်အက်ဥပဒေနဲ့ (၁၅) နှစ်၊ မတရားအသင်း ၃ မှုနဲ့ (၉) နှစ်၊ နိုင်ငံတော်လုံခြုံရေးကိုထိခိုက်ရန်လှုံ့ဆော်မှုနဲ့ (၂) နှစ်၊ ပုံနှိပ်ဥပဒေ (၂) မှု နဲ့ (၁၄) နှစ်၊ အသင်းအဖွဲ့ပုဒ်မ ၂ ခုနဲ့ (၈) နှစ်၊ ရပ်မြင်သံကြားဥပဒေနဲ့ (၃) နှစ်၊ စုစုပေါင်းပြစ်ဒဏ် (၅၁) နှစ် ချမှတ်ခဲ့တဲ့အကြောင်း ရှေ့နေဦးမြင့်သွင်ကတဆင့် အသေးစိတ်သိရတယ်လို့ ကိုမျိုးဟန်ရဲ့မိသားစုနဲ့နီးစပ်သူတဦးက ပြောပါတယ်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများဖြစ်တဲ့အပြင် နာဂစ်မုန်တိုင်းသင့်ဒုက္ခသည်တွေကို ကူညီခဲ့သူတွေဖြစ်တဲ့ မြင်းခြံမြို့က ဦးနန္ဒဝံသ (ခေါ်) ကိုအောင်နိုင်ဦးကို (၇၁) နှစ်၊ ဒေါက်တာဝင့်သူကို (၂၈) နှစ်၊ ကိုကြည်စိုးကို (၂၂) နှစ်၊ ကိုစိုးရာဇာဖြိုးကို (၁၄) နှစ်၊ ကိုကိုနိုင်ကို (၂၈) နှစ်၊ ကိုသန်းထိုက်အောင်ကို (၃၅) နှစ်နဲ့ ကိုဝေဖြိုးကို (၁၁) နှစ်ဖြင့် ပြစ်ဒဏ်အသီးသီးချမှတ်လိုက်ပါတယ်။ ၎င်းအပြင် ညောင်ဦးက ကိုမျိုးမင်းသန့်ကို (၁၅) နှစ်၊ ဦးဇော်ဇော်ကို (၅) နှစ်၊ ကိုကျော်လင်းထွန်းကို (၅၂) နှစ်နဲ့ ကျောက်ပန်းတောင်းက ကိုရဲခေါင်ကို (၁၉) နှစ်နဲ့ မချိုချိုသန်းတို့ကို (၈) နှစ်ဖြင့် ပြစ်ဒဏ်တွေချခဲ့ပါတယ်။ ပြီးခဲ့တဲ့နိုဝင်ဘာလအတွင်းက ကျောက်ပန်းတောင်းမြို့ သုခဝတီကျောင်းတိုက်တွင် ဖမ်းဆီးခံခဲ့ရသည့် ဦးဇောတိကကိုလည်း နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေရန်လှုံ့ဆော်မှုဖြင့် ထောင်ဒဏ် (၂) နှစ်ချမှတ်ခဲ့ကြောင်း သိရှိရပါတယ်။ ထိုသူများကို ထိုင်းနိုင်ငံရှိ မြန်မာ့အရေးလှုပ်ရှားသူများနဲ့ဆက်သွယ်လုပ်ကိုင်နေသူတွေဖြစ်တယ်လို့ စွပ်စွဲပြီး ပုဒ်မအမျိုးမျိုးတပ်၊ ပြစ်ဒဏ်များချမှတ်ခဲ့တာဖြစ်ပါတယ်။

# လူ့အခွင့်အရေးအထူးကိုယ်စားလှယ် ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေများနဲ့တွေ့ဆုံ



မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာကင်တားနား

ကုလသမဂ္ဂမြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် တောမတ်စ်အိုဟေးကင်တားနား (Tomas Ojea Quintana) ဟာ ဖေဖော်ဝါရီလ ၁၅ ရက်က ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတွေနဲ့ တွေ့ဆုံခဲ့ပါတယ်။

မစ္စတာကင်တားနားဟာ စစ်အစိုးရ ကျင်းပဖို့ပြင်ဆင်နေတဲ့ ရွေးကောက်ပွဲမတိုင်ခင် မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေတွေကို စုံစမ်းဖို့အတွက် တတိယအကြိမ်မြောက် လာရောက်တာဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရှေ့နေတွေဖြစ်တဲ့ ဦးညဏ်ဝင်း၊ ဦးကြည်ဝင်း၊ ဦးလှမျိုးမြင့်နဲ့ ဒေါ်ခင်ဌေးကြွယ်တို့ကို တွေ့ဆုံခဲ့ပါတယ်။

အဲဒီလိုတွေ့ဆုံခဲ့ရာမှာ ဦးကြည်ဝင်းက ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမှုစစ်ဆေးပုံကို အကျဉ်းရုံး ရှင်းပြပြီးတော့ ဦးညဏ်ဝင်းက လက်ရှိကျင့်သုံးနေတဲ့ တရားစီရင်ရေးစနစ်နဲ့ လက်တွေ့ကျင့်သုံးနေပုံတွေ၊ လူ့အခွင့်အရေးနဲ့ဆိုင်တဲ့ကိစ္စတွေကို ရှင်းပြခဲ့တဲ့အပြင် တရားစီရင်ရေးမှာ တရားရုံးရဲ့ခွင့်ပြုချက်မရှိဘဲနဲ့ ဖမ်းဆီးမေးမြန်းတဲ့အချိန်ကာလတွေကို စွပ်စွဲခံရသူတွေက ခံစားခွင့်မရှိတဲ့အကြောင်းကိုလည်း ရှင်းပြခဲ့ပါတယ်။

မစ္စတာကင်တားနားက ဒေါ်အောင်ဆန်းစုကြည်အပေါ် အရေးယူထားတဲ့ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများဘေးအန္တရာယ်က ကာကွယ်တဲ့ဥပဒေဟာ အပြည်ပြည်ဆိုင်ရာဥပဒေနဲ့ မကိုက်ညီတဲ့ အကြောင်းနဲ့ အဲဒီဥပဒေက တရားရုံးရဲ့ အမိန့်၊ တရားရုံး စစ်ဆေးမှုမပါဘဲနဲ့ ဖမ်းဆီးချုပ်နှောင်ခွင့်ပေးထားတာဖြစ်တယ်လို့ ရှေ့နေတွေကိုပြောပါတယ်။

ရှေ့နေကြီးဦးညဏ်ဝင်းကလည်း ရွေးကောက်ပွဲနဲ့ပတ်သက်လို့ ဥပဒေကြောင်းအရ သုံးသပ်ချက်တွေကို ရှင်းလင်းပြောပြခဲ့တယ်လို့ သတင်းတွေအရ သိရပါတယ်။

မစ္စတာကင်တားနားဟာ ရန်ကုန်မြို့မှာရှိတဲ့ နိုင်ငံတကာ သံအရာရှိတွေနဲ့ တွေ့ဆုံခဲ့တဲ့အပြင် ခရီးစဉ်အရ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နဲ့ ဘူးသီးတောင်မြို့တို့ပါရှိကြောင်း သိရပါတယ်။

လူ့အခွင့်အရေး အထူး ကိုယ်စားလှယ်ဟာ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နဲ့လည်း တွေ့ဖို့တောင်းဆိုထားပြီး သောကြာနေ့ မြန်မာနိုင်ငံက ပြန်လည်မထွက်ခွာခင် သတင်းစာ ရှင်းလင်းပွဲပြုလုပ်သွားမှာ ဖြစ်တယ်လို့လည်း သိရပါတယ်။

မစ္စတာကင်တားနားက မြန်မာနိုင်ငံ(၅)ရက် ခရီးစဉ်မတိုင်ခင် ဒီခရီးစဉ်နဲ့ ပတ်သက်လို့ ထူးခြားတဲ့ ရလဒ်တွေရဖို့သူ့အနေနဲ့ မျှော်လင့်ထားတာဖြစ်တယ်လို့ ဝေဖန်သုံးသပ်သူတို့က ဆိုပါတယ်။

♦

# လူ့အသက်ပေါင်းများစွာ သိမ်းကျုံးယူငင်သွားခဲ့သည့် ဟေတီငလျင်





# အန္တရာယ်ဇုံအတွင်း ပြန်ပို့ခံနေကြရတဲ့ ကရင်စစ်ပြေးဒုက္ခသည်များ





**မျက်နှာဖုံးသတင်းမှ ...**

လည်း စာတမ်းမှာ ထည့်သွင်းရေးသားထားပါတယ်။

အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို လုပ်ဆောင်ရာမှာ မြန်မာ့လွတ်လပ်ရေးဗိသုကာကြီးနဲ့ တပ်မတော်ရဲ့ဖခင်ကြီးဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးဖို့၊ စစ်မှန်တဲ့ ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံတော်တည်ဆောက်ဖို့အတွက် ရှမ်း တိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွှန့်လွင် အပါအဝင် တိုင်းရင်းသားခေါင်းဆောင်တွေကိုလည်း ချွင်းချက်မရှိ အမြန်ပြန်လွှတ်ပေးဖို့ ထည့်သွင်းတောင်းဆိုထားပါတယ်။

ဒါ့အပြင် ပိတ်ထားတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးတွေ ပြန်ဖွင့်ပေးဖို့နဲ့ ဖျက်သိမ်းခံထားရတဲ့ တိုင်းရင်းသားနိုင်ငံရေးပါတီ အားလုံးကို ပြန်ပြီးတော့ မှတ်ပုံတင်ခွင့်ပေးပြီး လွတ်လွတ်လပ်လပ် စည်းရုံးလှုပ်ရှားခွင့်တွေပေးဖို့လည်း ပါဝင်ပါတယ်။

ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရာကို ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီက ခေါင်းဆောင်တွေ၊ ဝါရင့်နိုင်ငံရေးသမားကြီးတွေ၊ အဖွဲ့ချုပ် အဖွဲ့ဝင်တွေနဲ့ နိုင်ငံတကာက တက်ရောက်လာကြတဲ့ သံတမန်တွေ စုစုပေါင်း ၁၅၀၀ ကျော် တက်ရောက်ခဲ့ကြတယ်လို့ သတင်းတွေအရ သိရပါတယ်။

**ဒေါ်အောင်ဆန်းစုကြည်သတင်းမှ ...**

သတင်းလွတ်လပ်ခွင့်၊ လွတ်လပ်စွာပြောဆိုစည်းရုံးခွင့်၊ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ဖို့ စတဲ့ အခြေခံအချက်အလက်တွေ လိုအပ်နေတာကလည်း ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဆုံးဖြတ်ချက်မချနိုင်တဲ့ အကြောင်းတွေဖြစ်တယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

စစ်အစိုးရဘက်ကတော့ စီစဉ်ထားတဲ့အတိုင်း အခုနှစ်အတွင်းမှာ ရွေးကောက်ပွဲကို ကျင်းပသွားမှာ ဖြစ်ပေမယ်လို့ ရွေးကောက်ပွဲနဲ့ သက်ဆိုင်တဲ့ ပြင်ဆင်မှုတွေ ဘာတခုမှလုပ်ဆောင်တာ မတွေ့ရသေးပါဘူး။

# လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကိုလွှတ်ပေးမယ်လို့ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးပြော

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နိုဝင်ဘာလလောက်မှာ ပြန်လွှတ်ပေးမှာဖြစ်တယ်လို့ ဇန်နဝါရီလ (၂၁) ရက်က ကျောက်ပန်းတောင်းမြို့နယ်ခန်းမမှာ ပြုလုပ်တဲ့တွေ့ဆုံပွဲမှာ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက ပြောသွားပါတယ်။



တွေ့ဆုံပွဲကို ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ မိခင်နှင့်ကလေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နဲ့ ကြံ့ခိုင်ဖွံ့ဖြိုးအဖွဲ့တို့ တက်ရောက်ခဲ့ကြတယ်လို့ သိရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အရင် ဦးတင်ဦးကို ပြန်လွှတ်ပေးမှာဖြစ်တဲ့အကြောင်းနဲ့ ပြန်လွှတ်ပေးမယ့်အထဲမှာ အဲန်အယ်လ်ဒီအဖွဲ့ဝင်တွေပါပါတယ်လို့ ဗိုလ်ချုပ်မောင်ဦးက ပြောသွားတဲ့အကြောင်း တွေ့ဆုံပွဲကိုတက်ရောက်ခဲ့တဲ့မြို့ခံတွေက ပြောဆိုနေကြပါတယ်။

အာဏာပိုင်တွေဘက်က ဒေါ်အောင်ဆန်းစုကြည်ကို မကောင်းကြောင်းသာ ပြောလေ့ပြောထရှိတဲ့အတွက် အခုလိုပြောဆိုသံကိုကြားရတဲ့အခါမှာ အံ့အားသင့်ပြီး ဝမ်းလည်းသာတယ်လို့ ကျောက်ပန်းတောင်းမြို့ခံတွေက ပြောနေကြပါတယ်။

အဲဒီကိစ္စနဲ့ပတ်သက်ပြီးတော့ အဲန်အယ်လ်ဒီကပြောခွင့်ရတဲ့ ဦးဉာဏ်ဝင်းကို ဗွီအိုအေကစုံစမ်းကြည့်တဲ့အခါမှာ ဦးဉာဏ်ဝင်းက“အဲဒီလိုဘဲ သတင်းတော့ကြားတယ်။ ပြောနေကြတာက နိုဝင်ဘာတဲ့။ နိုဝင်ဘာဆိုတာက အန်တီစုအတွက် အခုအကျယ်ချုပ်ပြည့်တဲ့အချိန်ပဲလေ။ အဲန်ကယ်လ်ဦးတင်ဦးက အခု ဖေဖော်ဝါရီလထဲမှာစေမယ်။”လို့ ပြောဆိုဖြေကြားခဲ့ပြီး အဲန်အယ်လ်ဒီကိုတော့ တရားဝင်အကြောင်းကြားတာ မရှိသေးဘူးလို့ပြောပါတယ်။

၂၀၀၉ ခုနှစ်၊ မေလက နေအိမ်အကျယ်ချုပ်ကျခံနေရပြီး လွတ်ရက်စေ့ရန်ရက်ပိုင်းသာလိုတော့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်ခြံဝန်းထဲကို အမေရိကန်နိုင်ငံသား ဂျွန်ယက်တော တရားမဝင် ဝင်ရောက်ခဲ့တာနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည်မှာ အပြစ်ရှိတယ်လို့သတ်မှတ်ပြီး အကျယ်ချုပ်သက်တမ်း (၁၈) လ ချမှတ်ခဲ့တာပါ။

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ ၂၀၁၀ ခုနှစ် နိုဝင်ဘာလမှာ အကျယ်ချုပ်သက်တမ်း (၁၈) လ ပြည့်တဲ့လလည်း ဖြစ်ပါတယ်။

အလားတူ အဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးတင်ဦးကလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ ၂၀၀၃ ခုနှစ်က ပါတီစည်းရုံးရေးခရီးစဉ်မှာ နအဖရဲ့အလိုကျလုပ်ပေးတဲ့လူတစုရဲ့ရက်စက်စွာ တိုက်ခိုက်ခံခဲ့ရပြီးတဲ့နောက် ကလေးအကျဉ်းထောင်ကတဆင့် နေအိမ်အကျယ်ချုပ်အဖြစ် ပြောင်းလဲကျခံခဲ့ရတဲ့ သက်တမ်း (၆) နှစ်ဟာ ဖေဖော်ဝါရီလ (၁၃) ရက်မှာ ပြည့်တော့မှာ ဖြစ်ပါတယ်။



# တိုင်းပြုပြည်ပြုသတင်းစာဆရာကြီး လူထုဦးလှရဲ့ ရာပြည့်အထိမ်းအမှတ်ပွဲ မန္တလေးတွင်ကျင်းပခဲ့

သတင်းစာဆရာကြီး လူထုဦးလှရဲ့ ရာပြည့်အမှတ်တရပွဲကို စာပေချစ်မြတ်နိုးသူတွေက ပြည်တွင်းပြည်ပမှာ အထိမ်းအမှတ်ပွဲများပြုလုပ် ဂါရဝပြုမှာဖြစ်တဲ့အကြောင်း သတင်းများအဆိုအရ သိရပါတယ်။

လူထုဦးလှဟာ တိုင်းပြည်အတွက် အပြုစိတ်နဲ့ နိုင်ငံရေးလုပ်ခဲ့သူတဦးဖြစ်ပြီး မျိုးဆက်သစ်တွေကိုလည်း လွတ်လွတ်လပ်လပ် မြေတောင်မြှောက်ပေးခဲ့တဲ့သူဖြစ်တယ်လို့ ဆရာကြီးရဲ့သားတပည့်တွေက ဗွီအိုအေအင်တာနက်စာမျက်နှာမှာ ဂါရဝပြု ဖော်ပြကြပါတယ်။

လူထုသတင်းစာ၊ လူထုဂျာနယ်၊ ကြီးပွားရေးစာစောင်တို့ကို ဦးဆောင်ထုတ်ဝေခဲ့တဲ့ လူထုဦးလှဟာ မြန်မာ့စာနယ်ဇင်းလောကရဲ့ အထင်ကရပုဂ္ဂိုလ်တယောက်လည်း ဖြစ်ပါတယ်။

လူထုဦးလှဟာ မျိုးဆက်သစ်တွေအပေါ်မှာ တွေးခေါ်၊ ဆန်းသစ်တီထွင်ခွင့်ကို လွတ်လွတ်လပ်လပ်ပေးခဲ့ပါတယ်။ အဲဒီခေတ်က ပန်းချီဆရာဦးဘရင်လေးဟာ လူထုသတင်းစာတိုက်ကို အစောဆုံးဝင်လုပ်ခဲ့တဲ့သူတယောက်ဖြစ်ကာ အသစ်အဆန်းတွေလည်း တီထွင်တဲ့သူဖြစ်ပြီး လူထုသတင်းစာရဲ့ လူထုဆိုတဲ့လက်ရေးစာလုံးကအစ ဦးဘရင်လေးလက်ရာဖြစ်ခဲ့ပါတယ်။ ဦးလှဟာ ရှေးဆန်ပြီး သူ့အနေနဲ့လက်ခံဖို့ ခက်တဲ့အရာတွေဖြစ်ပေမယ့် ကြိတ်မှိတ်ပြီး လွတ်လပ်ခွင့်ပေးတဲ့အကြောင်း လူထုတိုက်ထွက်တဦးဖြစ်တဲ့ စွယ်စုံအနုပညာရှင်ဦးဝင်းဖေက ဗွီအိုအေကို ပြောပါတယ်။



မျိုးဆက်သစ်တွေကို အားပေးတဲ့နေရာမှာ လူထုဦးလှတင်မက ဇနီးဖြစ်တဲ့ ဒေါ်အမာကပါ မျိုးဆက်သစ်တွေကိုမြှောက်စားခဲ့တဲ့အကြောင်း သင့်ဘဝမဂ္ဂဇင်း စတင်ခဲ့တဲ့ ဦးတင်မောင်သန်းက ပြောပါတယ်။ လူထုဦးလှ စုဆောင်းထားတဲ့စာပေတွေကို လူထုဒေါ်အမာက လက်ဆင့်ကမ်းပေးခဲ့တဲ့အတွက် သင့်ဘဝမဂ္ဂဇင်းမှာ အသုံးတည့်ခဲ့ရတယ်လို့ ဦးတင်မောင်သန်းကပြောပါတယ်။

"သူက စာပေသမား၊ စာရေး၊ သတင်းစာထုတ်၊ ဘာညာနဲ့ လုပ်နေတဲ့အခါကျတော့ ဒါနိုင်ငံရေးပဲလို့ သူကတွက်ထားတာ။ ပြီးတော့သူက အကောင်းမြင်ဝါဒသမားလည်း ဖြစ်တယ်။ ကျနော် ကုန်ကုန်ပြောမယ်ဗျာ၊ သူ့ကိုထောင်ချလိုက်တယ်။ ဒါဒုက္ခရောက်ပြီ။ ဒါပေမယ့် အဲဒီအချိန်မှာ သူက တိုင်းပြည်အတွက် ငါ ဘာလုပ်နိုင်လဲ။ ငါထောင်ထဲမှာ မေးစရာရှိတာတွေမေးမယ်ဆိုပြီးတော့ ကုန်ကြမ်းအမြောက်အမြား တပွေ့တပိုက်ကြီးနဲ့ ပြန်ထွက်လာတာပဲဗျ။ ပြီးတော့ အဲဒါတွေကို အကြွေးမထားဘူး။ အမြန်ဆုံးအလုပ်လုပ်တာ" လို့ ဦးဝင်းဖေက ပြောပါတယ်။

လူထုဦးလှအမှတ်တရပွဲကို မန္တလေးမြို့ မြတောင်ဘုန်းကြီးကျောင်းတိုက်မှာ ဇန်နဝါရီလ (၁၉) ရက်က ကျင်းပခဲ့ပြီးသံဃာတော်များကို ဆွမ်းကပ်ပူဇော်ခြင်းနဲ့ စာတမ်းဖတ်ပွဲတို့ကိုပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

စာမျက်နှာ (၁၂) မှ အဆက် ...

(အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့) တို့နဲ့ ဆက်သွယ်လို့မရအောင်လုပ်ထားတယ်။ ILO အနေနဲ့ကလည်း နိုင်ငံရေးအဖွဲ့အစည်းတွေနဲ့ ပတ်သက်လာရင် အစိုးရနဲ့ ဆက်သွယ်ဆောင်ရွက်တဲ့နေရာတွေမှာ အဟန့်အတားတွေဖြစ်မှာစိုးတာကြောင့် ဆက်သွယ်ချင်ပုံမရဘူးလို့ ဦးဝင်းတင်က ပြောပါတယ်။ နောက်တချက်က အဲန်အယ်လ်ဒီအနေနဲ့ အလုပ်သမားအရေးတွေ ဆောင်ရွက်တဲ့အခါမှာ အနှောက်အယှက်များရှိတဲ့အတွက် မလှုပ်နိုင် မယှက်နိုင်ဖြစ်နေပေမယ့် ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ မျက်ခြေမပြတ်လေ့လာနေပြီး ဆောင်ရွက်နိုင်မယ့် နည်းလမ်းတွေကို ရှာပါတယ်လို့ ဆိုပါတယ်။ ILO နဲ့ ညှိနှိုင်းဆက်ဆံတဲ့အခါမှာ သဘောထားတွေကိုပြောဆိုပြီး အခြားနည်းလမ်းတွေနဲ့ ဖိအားပေး လုပ်ဆောင်တာမျိုးကလွဲလို့ တိုက်ရိုက် ဝင်ရောက်ပတ်သက်လုပ်ကိုင်ဖို့ မဖြစ်နိုင်ဘူးလို့ ဦးဝင်းတင်က ပြောပါတယ်။

လူထုကိုမျက်နှာမူတဲ့နိုင်ငံရေး အနေနဲ့ရပ်တည်ပြီးတော့ တတ်နိုင်သမျှ စောင့်ကြည့်လေ့လာနေပြီး အဲန်အယ်လ်ဒီအနေနဲ့ လုပ်နိုင်တာတွေကို လုပ်ဆောင်သွားမှာဖြစ်ပါတယ်လို့ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင်က ပြောဆိုဖြေကြားထားပါတယ်။

# မြန်မာနျူးကလီးယားထုတ်လုပ်မှု အတည်မပြုနိုင်သေး

မြန်မာနိုင်ငံမှာ နျူကလီးယားလက်နက်ထုတ်လုပ်ဖို့စီစဉ်နေတယ်ဆိုတဲ့သတင်းနဲ့ပတ်သက်ပြီး နိုင်ငံတကာက သံသယရှိနေပေမယ့် အဲဒီသတင်းကိုအတည်ပြုဖို့လိုသေးတယ်လို့ နိုင်ငံတကာသုတေသနအဖွဲ့ တခုကပြောပါတယ်။ ISISလို့ခေါ်တဲ့ သိပ္ပံနဲ့နိုင်ငံတကာလုံခြုံရေးအဖွဲ့ရဲ့ အစီရင်ခံစာကို အမေရိကန်အစိုးရအနေနဲ့ အသေးစိတ်မလေ့လာရသေးပေမယ့် မြန်မာစစ်အစိုးရနဲ့တွေ့ဆုံစဉ်က နျူးကလီးယားလက်နက်ပျံ့နှံ့မှုကိုတော့ စိုးရိမ်တဲ့အကြောင်း ပြောဆိုခဲ့ပါသေးတယ်။ သိပ္ပံနဲ့နိုင်ငံတကာလုံခြုံရေးအဖွဲ့က မန္တလေးမြို့နားမှာ နျူးကလီးယားစက်ရုံတည်ဆောက်နေတယ်ဆိုတဲ့မြင်ကွင်းတွေကိုထောက်ပြပြီး မြန်မာနိုင်ငံရဲ့နျူးကလီးယားရည်မှန်းချက်ဆိုတဲ့အစီရင်ခံစာကို ဇန်နဝါရီလ (၂၉) ရက်က ထုတ်ပြန်လိုက်တာပါ။ သိပ္ပံနဲ့နိုင်ငံတကာလုံခြုံရေးအဖွဲ့ရဲ့ Burma Nuclear Ambition ဆိုတဲ့အစီရင်ခံစာမှာ အဓိကဖော်ပြထားတာကတော့ မြန်မာစစ်အစိုးရက မြောက်ကိုရီးယားနဲ့ဆက်ဆံနေတာဟာ နျူကလီးယားမဟုတ်ရင် ဒုံးပျံနဲ့ဆိုင်တဲ့ အဆင့်မြင့်နည်းပညာတွေနဲ့ဆက်စပ်မှုရှိနိုင်တယ်လို့ နိုင်ငံတကာက သံသယရှိနေတဲ့ကိစ္စတွေကို ပြန်လည်စိစစ်သုံးသပ်ထားတာဖြစ်ပါတယ်။

သတင်းတွေနဲ့ ရထားတဲ့အချက်အလက်တွေကို ဆန်းစစ်ကြည့်တဲ့အခါမှာ မြန်မာနိုင်ငံမှာ နျူးကလီးယားဓာတ်ပေါင်းဖိုလျှို့ဝှက်တည်ဆောက်နေတယ်ဆိုတဲ့ နျူကလီးယားနဲ့ပတ်သက်တဲ့ ခိုင်မာတဲ့အထောက်အထားတွေမပြနိုင်သေးဘူးလို့ ဆိုထားပါတယ်။ မြန်မာစစ်အစိုးရဟာ ပွင့်လင်းတဲ့အစိုးရမဟုတ်တဲ့အတွက် ခိုင်လုံတဲ့ အချက်အလက်တွေကို ရရှိအောင်စုံစမ်းဖို့ ခက်ခဲသေးတယ်လို့ အစီရင်ခံစာမှာရေးသားပါရှိပါတယ်။ ထွက်ပေါ်ခဲ့တဲ့သတင်းတွေအရ မြန်မာ–မြောက်ကိုရီးယားပူးပေါင်းလုပ်ဆောင်နေတယ်ဆိုတဲ့ ဥမင်လှိုင်ခေါင်းဓာတ်ပုံတွေ၊ နျူးကလီးယား ဓာတ်ပေါင်းဖိုလို့ယူဆရတဲ့ ဂြိုလ်တုကရိုက်ကူးထားတဲ့အဆောက်အဦးပုံတွေကို သေခြာဆန်းစစ်ကြည့်တဲ့အခါမှာ နျူးကလီးယားစက်ရုံနဲ့မပတ်သက်ပဲ ရေလှောင်တမံလုပ်ငန်းနဲ့ဆိုင်တဲ့ပုံတွေဖြစ်တယ်လို့လည်း ဆိုပါတယ်။

တခြားအမြင်တခုအရ မြောက်ကိုရီးယား နျူးကလီယားလက်နက်ထုတ်လုပ်ရေးအတွက် အရေးပါတဲ့ ပစ္စည်းတချို့ကို မြန်မာနိုင်ငံကတဆင့် ရယူနေတာဖြစ်နိုင်တယ်လို့ ISISခေါ် သိပ္ပံနဲ့ နိုင်ငံတကာလုံခြုံရေးအဖွဲ့ရဲ့ အစီရင်ခံစာမှာ ရေးသားဖော်ပြထားပါတယ်။



# ရွှေဂုံတိုင်စာတမ်းအား

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝန်းရံမည်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကထုတ်ပြန်ခဲ့တဲ့ ရွှေဂုံတိုင်ကြေညာစာတမ်းကို ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအနေနဲ့ အခိုင်အမာဝန်းရံသွားမှာဖြစ်တယ်လို့ အတွင်းရေးမှူး ဦးအေးသာအောင်က ပြောပါတယ်။

ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျရောက်မယ့် ၆၂ ကြိမ်မြောက် ပြည်ထောင်စုနေ့မှာ ထုတ်ပြန်မယ့်ကြေညာချက်မှာထည့်သွင်းဖို့အတွက် အချက်အလက်ဖြည့်စွက်ရေးနဲ့ ပတ်သက်ပြီးတော့ ဇန်နဝါရီလ ၂၉ ရက်နေ့ကပြုလုပ်ခဲ့တဲ့အစည်းဝေးမှာ အဖွဲ့ဝင်အားလုံးက ထိုကဲ့သို့ သဘောတူထောက်ခံကြခြင်းဖြစ်ပါတယ်။

အစည်းဝေးကို ဗဟန်းမြို့နယ်ရှိ အဖွဲ့ချုပ်ရုံးချုပ်တွင်ကျင်းပခဲ့ပြီး ဦးဝင်းတင်၊ ဦးခင်မောင်ဆွေ၊ ဦးသန်းထွန်း၊ ဦးလှဖေ၊ ဦးညွန့်ဝေနဲ့ ဇိုမီးအမျိုးသားကွန်ဂရက်က ပူကျင့်ရှင်းထန်၊ စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများ မဟာမိတ်အဖွဲ့က ထောင်ကိုထန်း၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နိုင်ထွန်းသိန်း၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က ဦးအေးသာအောင်နဲ့ အမျိုးသားဒီမိုကရေစီပါတီက ဦးစိုးဝင်းတို့ တက်ရောက်ခဲ့ကြပါတယ်။

အစည်းဝေးမှာ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးဝင်းတင်က ရွှေဂုံတိုင်ကြေညာစာတမ်းကို ဦးဆောင်ရှင်းလင်းတင်ပြခဲ့ပါတယ်။

၂၀၀၉ ခုနှစ် ဧပြီလကုန်ပိုင်းက အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ ပြည်နယ်နဲ့တိုင်းစည်းရုံးရေးအဖွဲ့တွေနဲ့ အလုပ်အမှုဆောင်ကိုယ်စားလှယ်များ၊ အမျိုးသမီးလုပ်ငန်းအဖွဲ့ကိုယ်စားလှယ်များ၊ လူငယ်လုပ်ငန်းဖော်ဆောင်ရေးအဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ခဲ့တဲ့ စုံညီအစည်းဝေးအပြီး ရွှေဂုံတိုင်စာတမ်းကို ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။

ရွှေဂုံတိုင်စာတမ်းမှာ အဖွဲ့ချုပ်ဒုဥက္ကဌဦးတင်ဦး၊ အထွေထွေအတွင်းရေးမှူးဒေါ်အောင်ဆန်းစုကြည်အပါ နိုင်ငံရေးအကျဉ်းသားအားလုံးအမြန်ပြန်လွှတ်ပေးရေး၊ ၂၀၀၈ ခုနှစ်အခြေခံဥပဒေကို သုံးသပ်ပြင်ဆင်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တွေ့ဆုံဆွေးနွေးပွဲများကျင်းပရေး၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ဖြစ်တဲ့ ပြည်သူ့လွှတ်တော်ကိုတနည်းနည်းနဲ့ အသိအမှတ်ပြုရေးတို့ဟာ လတ်တလော ဖြေရှင်းရမယ့် ပြဿနာများဖြစ်တဲ့အကြောင်း ဖော်ပြပါရှိပါတယ်။

ဦးဝင်းတင်က နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေးနဲ့ လွှတ်တော်ခေါ်ယူရေးအချက်တွေဟာ အဲန်အယ်လ်ဒီရဲ့မူဝါဒဖြစ်တဲ့အကြောင်းနဲ့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေ ပြန်လည်ပြင်ဆင်သုံးသပ်ရေးကလည်း အာဏာရှင်စနစ်ကို အကောင်အထည်ဖော်ခြင်းဖြစ်နေတဲ့အတွက် အဖွဲ့ချုပ်အနေနဲ့ အစကတည်းက လက်မခံတာဖြစ်တဲ့အတွက်ပြင်ဆင်ဖို့လိုအပ်တယ်လို့ ဦးဝင်းတင်ကပြောပါတယ်။

စစ်အစိုးရအနေနဲ့ ရွေးကောက်ပွဲဥပဒေမထုတ်ပြန်သေးသလို ရွှေဂုံတိုင်စာတမ်းကိုတုန့်ပြန်လာမယ့်အပေါ်မူတည်ပြီး ရွေးကောက်ပွဲနဲ့ပတ်သက်တာကို ဆုံးဖြတ်သွားမှာဖြစ်ကြောင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးသန်းထွန်းက ပြောပါတယ်။

ပြည်ထောင်စုနေ့မှာ ထုတ်ပြန်မယ့် အဖွဲ့ချုပ်ရဲ့ကြေညာချက်မှာ ပြည်ထောင်စုစိတ်ဓာတ် (ပင်လုံစိတ်ဓာတ်) ကိုထည့်သွင်းဖို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က ဦးအေးသာအောင်ကအကြံပြု ပြောကြားသွားပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ၁၉၉၈ ခုနှစ် စက်တင်ဘာလ (၁၆) ရက်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် ရခိုင်၊ ရှမ်း၊ မွန်၊ ဇိုမီးစတဲ့ တိုင်းရင်းသားပါတီများရဲ့ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် ၂၅၁ ဦးက လက်မှတ်ရေးထိုးပြီး ၁၉၉၀ ရွေးကောက်ပွဲရလဒ်နဲ့အညီ ပြည်သူ့လွှတ်တော် ပေါ်ပေါက်ရေးနဲ့ လွှတ်တော်မပေါ်ပေါက်မီကာလမှာ လွှတ်တော်ကဲ့သို့ ဆောင်ရွက်နိုင်ဖို့ရည်ရွယ်ချက်နဲ့ လုပ်ပိုင်ခွင့်များအပ်နှင်းထားတာဖြစ်ပါတယ်။ + + +

## ဗဟိုအဖွဲ့ပြန်ဖွဲ့ရန် အမည်စာရင်းတင်သွင်းဖို့ အကြောင်းကြားစာပို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ ပြန်လည်ဖွဲ့စည်းရန်အတွက် အဖွဲ့ဝင်အဖြစ် လျာထားရမယ့် အမည်စာရင်းတင်သွင်းရန် အဖွဲ့ချုပ်ဥက္ကဌက ပြည်နယ်နဲ့တိုင်းစည်းရုံးရေးအဖွဲ့တွေဆီကို ဇန်နဝါရီ ၂၇ ရက်က အကြောင်းကြားစာ ပေးပို့ပါတယ်။




အကြောင်းကြားစာအရ ရွေးချယ်ထားတဲ့အမည်စာရင်းနဲ့အတူ ပြည်နယ်၊ တိုင်းစည်းရုံးရေးအဖွဲ့ဥက္ကဌနဲ့ အတွင်းရေးမှူးတို့က ဖေဖော်ဝါရီလ ၁၆ ရက်မှာ ရန်ကုန်မြို့ရှိ အဖွဲ့ချုပ်ရုံးကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့နဲ့ တွေ့ဆုံညှိနှိုင်းဖို့ လာရောက်ကြရမှာဖြစ်တယ်လို့အဖွဲ့ချုပ်ရဲ့ပြောခွင့်ရသူ ဦးအုန်းကြိုင်က မဇ္ဈိမကိုပြောပါတယ်။

ဆက်ပြီးတော့ ဦးအုန်းကြိုင်က တိုင်းနဲ့ပြည်နယ်တွေကို ကိုယ်စားပြုမယ့် စီစီအဖွဲ့ဝင် အနည်းဆုံး ၉၀ နဲ့ အများဆုံး ၁၂၀ လောက်ထိ တိုးချဲ့ဖွဲ့ဖို့ လျာထားတဲ့အကြောင်းလည်း ပြောပါတယ်။

အဖွဲ့ချုပ်ရဲ့ရည်ရွယ်ချက်အရ အဖွဲ့ချုပ် ကျစ်လစ်ခိုင်မာရန်နဲ့ ရှေ့လုပ်ငန်းစဉ်တွေကို ထိထိရောက်ရောက်လုပ်ဆောင်နိုင်ဖို့အတွက် အ

စာမျက်နှာ (၁၃) ကော်လံ (၄) သို့...

စာမျက်နှာ (၂) မှ ...

လည်းဆိုတော့ ဒီနေ့ဗမာပြည်မှာလည်း ပြည်တွင်းစစ်ဖြစ်လာတာ နှစ်ပေါင်းကို (၆၀) ကျော်ခဲ့ပြီပေါ့ဗျာ... နော်။ ဒီနေ့အထိလည်း ပြည်တွင်းစစ်အခြေအနေက ဒီစစ်အစိုးရရဲ့လုပ်ကိုင်နေပုံနဲ့ဆိုရင် ပြည်တွင်းစစ်အခြေအနေက ဆက်ပြီးတော့မီးတောက်ဦးမယ့်အနေအထားတွေ ဆက်ရှိနေတယ်။ အဲဒီတော့ တမျိုးကတော့ ဘယ်လိုလဲဆိုတော့ ရှေ့လျှောက်ပြီးတော့ ပြည်တွင်းစစ်မီးမတောက်အောင် ကျနော်တို့ တားကျဖို့ အလွန်အရေးကြီးတယ်။ အဲဒီဟာတွေအတွက် တိုင်းရင်းသားလူမျိုးတွေရဲ့ အခွင့်အရေးတွေ အပြည့်အဝရရှိရေးတို့၊ ဘာတို့ကိုလည်း ကျနော်တို့ တဖက်ကနေပြီးတော့ ကျနော်တို့ ရှေ့ရှုဖို့လိုတယ်။ အကောင်အထည်ဖော်ဖို့လိုတယ်။ တဖက်ကလည်း ကျနော်တို့ တိုင်းရင်းသားချင်းနားလည်ဖို့၊ တိုင်းရင်းသားချင်း ချစ်ကြည်ရင်းနှီးမှုတွေ ပြန်လည်တည်ဆောက်ဖို့ ဒါတွေလည်း လိုတယ်။ နောက်တခုက ဒီအခြေအနေအားလုံး ပေါ်လာအောင် နိုင်ငံရေးအခြေအနေတွေဖန်တီးဖို့ လိုတယ်လို့ ကျနော်တို့သဘောရပါတယ်။ ဦးဒေးဗစ်တို့ကရော ဘယ်လိုများသဘောထားတွေရှိလဲ။ အဲဒါလေး ကျနော် ကြားချင်ပါတယ်ခင်ဗျာ။

**စောဒေးဗစ်သာကပေါ်**။ ။ ကျနော်တို့ကတော့ ကရင်လူမျိုး၊ နောက်ပြီးတော့ အခြားလူမျိုးတွေပေါ့ဗျာ။ ကျနော်တို့ အခြေခံအခွင့်အရေးရဖို့ပဲ။ အဲဒါ ငြိမ်းချမ်းတဲ့နည်းနဲ့ ကျနော်တို့ဖြေရှင်းချင်တယ်။ စစ်အစိုးရလုပ်နေသလို လူမျိုးမုန်းတီးရေးအခြေခံနဲ့ လူမျိုးရေးအရ တိုက်ခိုက်နေမယ်ဆိုရင်တော့ ငြိမ်းချမ်းမှာမဟုတ်ဘူး။ အာဏာရှင်စနစ်တည်မြဲရေးအတွက်ပဲလုပ်နေတယ်။ အဲဒီလိုလုပ်နေရင်တော့ ငြိမ်းချမ်းမှာမဟုတ်ဘူး။ ရွေးကောက်ပွဲမှာ ကျနော်တို့ဝင်တာ၊ မဝင်တာထားလိုက်။ ပြည်တွင်းမှာ လွတ်လပ်တဲ့၊ အားလုံးပါဝင်တဲ့ရွေးကောက်ပွဲလုပ်ပါ။ NLD တို့လို သို့မဟုတ် NDDF တို့လို အဖွဲ့အစည်းတွေပေါ့ဗျာ အနိုင်ရမယ်ဆိုရင်တော့ ငြိမ်းချမ်းရေးရလာနိုင်တယ်လို့ ကျနော်တို့မြင်ပါတယ်။ အခုလို အာဏာတည်မြဲရေးအတွက်လုပ်နေမယ်ဆိုရင် မဖြစ်တော့ဘူး။

**ဦးဝင်းတင်**။ ။ ကျနော်ကတော့ ဘယ်လိုစဉ်းစားလဲဆိုတော့ စောစောက ဦးဒေးဗစ်ပြောတဲ့ အထဲမှာပါတဲ့ ဒီလူမျိုးမုန်းတီးရေးတို့ ဘာတို့ဆိုတာတွေက နှစ်ပေါင်းများစွာဖန်တီးခဲ့တဲ့ကိစ္စပေါ့ဗျာ။ ဒါက တခုပေါ့ဗျာ။ နောက်တခုက လူ့အခွင့်အရေးတို့ဘာတို့ ဆုံးရှုံးနေခြင်းတို့ဆိုတာက တခုပေါ့ဗျာ။ နောက်တခုကလည်း ဒီမိုကရေစီအလားအလာတွေကို လာမည့်ရွေးကောက်ပွဲတို့ ဘာတို့ကိစ္စတွေအပေါ်မှာ ဒီမိုကရေစီအလားအလာသစ်များပေါ်ထွန်းအောင်လုပ်ဖို့ဆိုတဲ့ သဘောထားတွေကိုကြားရတဲ့အတွက် ကျနော်မှုအားဖြင့် သဘောတူပါတယ်။ အဓိကပြဿနာကတော့ ဒီနေ့ အာဏာရှင်စနစ်ကိုဆန့်ကျင်ဖို့ အခြေခံတွေရှာဖို့၊ လက်တွဲနိုင်ဖို့ အဲဒါက အဓိကအကျဆုံးလို့ ကျနော်ထင်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့ ဦးဒေးဗစ်တို့ရဲ့သဘောထားအမြင်လည်း ကျနော်တို့ ကြားချင်ပါတယ်ခင်ဗျာ။

**စောဒေးဗစ်သာကပေါ်**။ ။ ကျနော်တို့ကတော့ စစ်မှန်တဲ့ပြည်ထောင်စုစနစ် ဖြစ်ပေါ်ရေးပေါ့နော်။ ဥပမာ ဆွစ်ဇာလန်မှာလို လူလေးမျိုးရှိတယ်။ အဲဒီမှာ ပြည်နယ်ပေါင်း ၂၃ ပြည်နယ်ထင်တယ်။ အဲဒီလောက်ရှိတယ်ပေါ့။ အဲဒီလိုအခြေခံမျိုးပေါ့။ ကျနော်တို့ဒီမှာလည်း လုပ်ရင်ရမယ်လို့ထင်တယ်။ အဲဒီလို ကျနော်တို့စီစဉ်မယ်ဆိုရင် အားလုံးငြိမ်းချမ်းသွားမှာပဲ။ နောက်ပြီးတော့ စစ်အစိုးရက စစ်အင်အားမသုံးဘဲ ငြိမ်းချမ်းတဲ့နည်းနဲ့ အပေးအယူလုပ်ပြီးတော့ ဆွေးနွေးအဖြေရှာမယ်ဆိုရင် ငြိမ်းချမ်းမှုဖြစ်မှာပဲ။ ဒီမိုအင်အားစုတွေ လှုပ်ရှားတာ ကျနော်တို့ထောက်ခံတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမိုကရေစီဆိုတာက ငြိမ်းချမ်းတဲ့နည်းနဲ့ ပြဿနာဖြေရှင်းရေးပဲ။ ပြဿနာဖြေ ရှင်းတဲ့အခါမှာလည်း ကျနော်တို့ အပေးအယူလုပ်ပြီးဖြေရှင်းရမယ်ဆိုတဲ့ ဒီမိုကရေစီအခြေခံရှိပါတယ်။

**ဦးဝင်းတင်**။ ။ ကျနော်တို့ အမှန်အတိုင်းပြောရရင် အဓိကအဟန့်အတားက ဘာလဲဆိုရင် ဒီအခြေခံဥပဒေပဲခင်ဗျ။ ၂၀၀၈ အခြေခံဥပဒေဟာ စစ်မှန်သောပြည်ထောင်စုပေါ်ရေးအတွက်လည်း အဟန့်အတားဖြစ်နေတယ်။ နောက်တခါ တိုင်းပြည်ရဲ့ ဒီမိုကရေစီစနစ်ထူထောင်ရေးနဲ့ပတ်သက်လို့လည်း အဟန့်အတားဖြစ်နေတယ်။ စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ဖို့ကိုလည်း အခြေခံတွေဖြစ်နေတယ်။ နောက် လူ့အခွင့်အရေးဆုံးရှုံးမှုတွေ၊ နစ်နာမှုတွေ ဒါတွေအတွက်လည်း အဓိကပြဿနာဟာ ဒီအခြေခံဥပဒေပဲခင်ဗျ။ အဲဒါကြောင့် ကျနော်တို့ကတော့ ဒီနေ့ဗမာပြည်ရဲ့ လက်ရှိလက်ငင်းဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေက ဘာလဲဆိုတော့ ၂၀၀၈ အခြေခံဥပဒေကိုပြုပြင်ပေးဖို့။ အထူးသဖြင့်ကတော့ ဒီမိုကရေစီစံနှုန်းများနဲ့ မညီတဲ့အချက်များကို ဖယ်ရှားပေးဖို့ဆိုတာ။ ဒါကို ကျနော်တို့ အဓိကထားပြီးတော့ ပြောနေပါတယ်။ အခု အဲန်အယ်လ်ဒီဆိုလို့ရှိရင် ရွှေဂုံတိုင်ကြေညာစာတမ်းဆိုပြီးတော့ ကျနော်တို့ထုတ်ထားပါတယ်။ အဲဒီမှာ တောင်းဆိုချက် (၅) ချက် ကျနော်တို့တောင်းထားတယ်။ အရေးအကြီးဆုံးအချက် (၂) ချက်က ဘာလဲဆိုတော့ အခြေခံဥပဒေကိုပြင်ပေးဖို့နဲ့ အဲဒီလိုပြင်ပေးနိုင်ဖို့အတွက် အခင်းအကျင်းတွေ၊ အစီအမံတွေ လုပ်နိုင်အောင် အဆုံးအဖြတ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်များဖြစ်တဲ့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးပွဲကျင်းပဖို့။ ဒီအချက် (၂) ချက်က အဓိကအကျဆုံးပဲခင်ဗျ။ အဲဒါတွေကို ကျနော်တို့ တောင်းဆိုနေပါတယ်။ အဲဒါတွေကို ဦးဒေးဗစ်တို့လည်း သဘောပေါက်ပြီးသား၊ သဘောတူပြီးသားဖြစ်မယ်လို့ ကျနော်ယုံကြည်ပါတယ် ခင်ဗျ။

**စောဒေးဗစ်သာကပေါ်**။ ။ ဒီအခြေခံဥပဒေက အစကတည်းကကိုက အစမကောင်းဘူးဆိုတာ ကျနော်တို့မြင်ပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အခြေခံဥပဒေအတွက် အမျိုးသားညီလာခံခေါ်တယ်။ ကျနော်တို့ ဒီရွေးကောက်ပွဲမှာ အနိုင်ရတဲ့ အဲန်အယ်လ်ဒီကိုယ်စားလှယ်တွေက ၈ ဖွဲ့မှာ ၁ ဖွဲ့လောက်ပဲပါတယ်။ ဘာမှပြောရေးဆိုခွင့်လည်းမရှိဘူး။ အဲဒီကစပြီးတော့ ကျနော်တို့ ဒီအခြေခံဥပဒေကတော့ ဘယ်တော့မှ ဒီမိုကရေစီရရှိဖို့လည်း ဖြစ်နိုင်မှာမဟုတ်ဘူး။ တိုင်းရင်းသားအခွင့်အရေးကိုလည်း ဘာမှအာမခံချက်မရှိဘူးဆိုတာ ကျနော်တို့ အစကတည်းကမြင်ပါတယ်။ အဲဒါကြောင့် ကျနော်တို့ကနေ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အဲဒီကနေမှ အခြေခံဥပဒေအသစ်ရေးဆွဲရေးဆိုတာကို ကျနော်တို့ ချမှတ်ထားတာရှိပါတယ်။ နိုင်ငံတကာကတော့ တွန်းတာပေါ့ဗျာ။ ဒါလေးလက်ခံလိုက်ပါ။ နောက်တော့ တဖြည်းဖြည်းပြောင်းယူပါ။ ကျနော်တို့က ပြောတယ်။ ဒီအခြေခံဥပဒေကြီးက ဘာမှပြောင်းလို့မရဘူး။ လူထုနဲ့ဆွေးနွေးတာလည်း မရှိဘူး။ သူတို့လူတွေနဲ့ သူတို့လာဘ်သိပ်ထိုးပြီးတော့ လုပ်သွားတဲ့ကိစ္စ။ ပြီးတော့ စစ်တပ်ကို အာဏာပြန်ပေးတဲ့အခြေခံဥပဒေကတော့ ဘယ်လိုမှ ကျနော်တို့ ပြောင်းလို့မရဘူး။

**ဦးဝင်းတင်**။ ။ ဦးဒေးဗစ်နဲ့ ကျနော်တို့ပြောသလောက် အခုအထိကတော့ အခြေခံအကျဆုံးအချက်ကတမျိုးတည်း စစ်မှန်တဲ့ပြည်ထောင်စုပေါ်ထွန်းရေးပေါ့ဗျာ။ အဲဒါကတော့ တိုင်းရင်းသားတွေတောင်းဆိုနေတဲ့ တန်းတူညီမျှရေးရယ်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရယ်ပေါ့နော်။ ဒီနှစ်ချက်က

စာမျက်နှာ (၁၄) ကော်လံ (၁) သို့...

# စစ်အုပ်စု၏ ၂၀၁၀ ရွေးကောက်ပွဲအား အမေရိကန်စောင့်ကြည့်



စစ်အစိုးရကကျင်းပတော့မယ့် ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကို အမေရိကန်ကစောင့်ကြည့်နေတာဖြစ်ပြီး ရွေးကောက်ပွဲက ယုံကြည်ထိုက်ကြောင်း ပြသနိုင်တဲ့ခြေလှမ်းတွေကို စစ်အစိုးရလှမ်းလာတာ အခုထိမတွေ့ရသေးဘူးလို့ နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောခွင့်ရတဲ့ (Ian Kelly) အီယန်ကယ်လီက ပြောပါတယ်။

၂၀၁၀ ခုနှစ်အတွင်းမှာ ကျင်းပတော့မယ့်ရွေးကောက်ပွဲမှာ ရွေးသင့်ရွေးထိုက်တဲ့သူတွေကို မှန်ကန်စွာဆုံးဖြတ်ရွေးချယ်ဖို့ စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက (၆၂) ကြိမ်မြောက်လွတ်လပ်ရေးနေ့ သဝဏ်လွှာမှာ ထည့်သွင်းပြောကြားသွားပါတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေပြောသွားတဲ့ မှန်ကန်စွာရွေးချယ်ဆုံးဖြတ်ရမယ်ဆိုတဲ့အဓိပ္ပါယ်ဟာ ဘာကိုဆိုလိုကြောင်းကို အနောက်တိုင်းသံတမန်များနဲ့ အကဲခတ်သူတို့ကြားမှာ မေးခွန်းတခုအဖြစ် ရှိနေခဲ့ပါတယ်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးဖြစ်ပေါ်လာရေးအတွက် ရှေ့ဆက်သွားရမယ့်မူဝါဒလမ်းစဉ် (၇) ရပ်ဟာ ဒီမိုကရေစီနိုင်ငံသစ်အဖြစ် ကူးပြောင်းရေးအတွက် တခုတည်းသောလမ်းစဉ်ဖြစ်တယ်လို့လဲ ဗိုလ်ချုပ်မှူးကြီးရဲ့သဝဏ်လွှာမှာ ထည့်သွင်းပြောသွားပါတယ်။

အမေရိကန်ကတော့ ရွေးကောက်ပွဲမှာ အတိုက်အခံနဲ့တိုင်းရင်းသားလူနည်းစုပါတီတွေ ပါဝင်နိုင်ခြင်း ရှိမရှိကိုကြည့်ပြီး ရွေးကောက်ပွဲကိုသုံးသပ်ပြီးတော့ စစ်အစိုးရရဲ့လက်တွေ့ကျတဲ့လုပ်ရပ်တွေအပေါ်မှာပဲ မြန်မာနိုင်ငံအရေးကိစ္စတွေကို အဓိကထားချဉ်းကပ်သွားမှာဖြစ်တယ်လို့ အမေရိကန်က ပြောပါတယ်။

အမေရိကန်အထက်လွှတ်တော် အမတ် အာရှနဲ့ပစိဖိတ်ရေးရာ ကော်မတီဥက္ကဋ္ဌ မစ္စတာဂျင်ဝက်ဘ် Jim Webb ကလည်း ကြေညာချက်တစောင်ထုတ်ပြန်ထားပါတယ်။ ကြေညာချက်မှာက ရွေးကောက်ပွဲအပေါ်ယုံကြည်လာအောင်၊ အများပြည်သူကလည်း ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ထင်သာမြင်သာရှိအောင် ဆောင်

စာမျက်နှာ (၁၁) ကော်လံ (၄) သို့ ...

# ဒေါ်စုအားရွေးကောက်ပွဲအမီပြန်လွှတ်ရန် အတိုက်အခံများပြောဆို

၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ပြန်လွှတ်ပေးသင့်တယ်လို့ ပြည်တွင်းအတိုက်အခံများက ပြောဆိုလိုက်ပါတယ်။

ဗိုလ်ချုပ်မောင်ဦးရဲ့ ဇန်နဝါရီ (၂၁) ရက်က ကျောက်ပန်းတောင်းမြို့တွေ့ဆုံပွဲမှာ ဒေါ်အောင်ဆန်းစုကြည်ကို နိုဝင်ဘာလမှာ ပြန်လွှတ်ပေးမယ်လို့ပြောခဲ့တာနဲ့ပတ်သက်လို့ အတိုက်အခံတွေဘက်က အခုလို ပြန်လည်ပြောဆိုလိုက်ခြင်းဖြစ်ပါတယ်။

"ဗိုလ်ချုပ်မောင်ဦးစကားအတိုင်းဆိုရင် နိုဝင်ဘာလမှာ ပြန်လွှတ်မယ်လို့ပြောခြင်းအားဖြင့် နိုဝင်ဘာလမတိုင်မီ မလွှတ်ဘူးဆိုတဲ့သဘောဖြစ်နေတယ်။ နိုဝင်ဘာလထက်စောလွှတ်ပေးပါ။ ရွှေဂုံတိုင်ကြေညာချက်မှာ တောင်းဆိုထားတဲ့အတိုင်း ဒေါ်စုနဲ့ တွေ့ဆုံဆွေးနွေးပွဲလုပ်ဖို့ကို ဆောင်ရွက်ပါ။ တွေ့ဆုံဆွေးနွေးပွဲကျင်းပဖို့ လိုအပ်တယ်။"လို့ ဦးဝင်းတင်က မဇ္ဈိမကိုပြောပါတယ်။ ဆက်ပြီးတော့ ဒေါ်စုက တိုင်းရင်းသားတွေအရေးကို နားလည်တဲ့ပုဂ္ဂိုလ်၊ တိုင်းရင်းသားတွေနဲ့လက်တွဲပြီးတော့လုပ်လာတဲ့ အစဉ်အလာရှိတဲ့ပုဂ္ဂိုလ်၊ တိုင်းရင်းသားတွေနဲ့ အန်အယ်လ်ဒီအကြားဆက်စပ်ပြီးတော့ လုပ်နေတဲ့ပုဂ္ဂိုလ်၊ နိုင်ငံတကာမှာ အားပေးတဲ့ပုဂ္ဂိုလ်ဆိုတော့ ဒေါ်စုကိုစောပြီးလွှတ်ပေးခြင်းအားဖြင့် နိုင်ငံတကာကဖိအားပေးမှုတွေလျော့ပါးလာနိုင်တယ်လို့လဲ ပြောသွားပါတယ်။

တဆက်တည်းမှာဘဲ ဝါရင့်နိုင်ငံရေးသမားကြီးသခင်ချန်ထွန်းကလည်း ဒေါ်အောင်ဆန်းစုကြည်ကို အမြန်ဆုံးပြန်လွှတ်ပေးပြီး စစ်ခေါင်းဆောင်တွေနဲ့ ဆွေးနွေးပွဲလုပ်သင့်တယ်လို့ပြောပြီး ပြန်လွှတ်မပေးဘဲ ရွေးကောက်ပွဲကျင်းပပါက တရားမျှတတဲ့ရွေးကောက်ပွဲအဖြစ်သတ်မှတ်ဖို့ ခဲယဉ်းမှာဖြစ်တဲ့အကြောင်း ပြောပါတယ်။

ဒီမိုကရက်တစ်ပါတီ UDP က အတွင်းရေးမှူးဖြစ်တဲ့ ဒေါ်ချိုချိုကျော်ငြိမ်းကလည်း "မနက်ဖြန်လွှတ်ရင်ကြိုက်တယ်။ ဒီနေ့လွှတ်ရင် ပိုကြိုက်တယ်။ အားလုံးကိုလွှတ်စေချင်တယ်။ သူတို့ကို တရက်မှ ပိမနေစေချင်ပါဘူး။ ကျမ ဒီလိုပြောချင်ပါတယ်။ မစုက ဗိုလ်ချုပ်မှူးကြီးကို သူက စကမ်းလှမ်းထားတယ်။ တိုင်းပြည်အတွက် တတ်နိုင်သလောက် သူ့အနေနဲ့ပူးပေါင်းလုပ်ဆောင်မယ်ဆိုတဲ့အချက်တခုလို့ ကျမနားလည်တယ်" လို့ ပြောပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နိုဝင်ဘာလကျမှပြန်လွှတ်ပေးမယ်လို့ ပြောဆိုလိုက်တာကတော့ ရွေးကောက်ပွဲနဲ့လွတ်သွားအောင်လို့ တမင်စီစဉ်လုပ်ဆောင်တာဖြစ်တယ်လို့ ပြည်တွင်းပြည်ပကအကဲခတ်သူတွေက ပြောဆိုနေကြပါတယ်။

# တန်းတူရေးမရှိသမျှ နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးအတွက် ကေအိုင်အိုလက်မခံ



တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရသေးသ၍ နယ်ခြားစောင့်တပ်အဖြစ်လက်မခံနိုင်ကြောင်း ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို) က (၄၉) နှစ်မြောက် တော်လှန်ရေးနေ့ သဝဏ်လွှာမှာဖော်ပြလိုက်ပါတယ်။ ကေအိုင်အိုအနေနဲ့ ပင်လုံစာချုပ်ပါတဲ့အတိုင်း တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရခဲ့လို့သာ လက်နက်ကိုင်တော်လှန်ရေးကို စတင်ခဲ့ခြင်းဖြစ်ပေမယ့် စစ်အစိုးရကို နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးဖို့ အမြဲတမ်းလမ်းဖွင့်ထားတဲ့အကြောင်း၊ တွေ့ဆုံဆွေးနွေးရေးကသာ ယခုဖြစ်ပျက်နေတဲ့ ပြဿနာတွေကို ပြေလည်အောင်ဖြေရှင်းနိုင်မှာဖြစ်ကြောင်း၊ ယခုကဲ့သို့ နယ်ခြားစောင့်တပ်အဖြစ်လက်မခံသေးတာလည်း တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်မရလို့သာ လက်မခံသာသေးတာဖြစ်တယ်လို့ ဆိုပါတယ်။

# သခင်သိန်းဖေနေအိမ်ဝန်းအတွင်းက လွတ်လပ်ရေးအောင်ပွဲ




မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင် သခင်နိုင်ငံရေးသမားကြီးများက (၆၂) ကြိမ်မြောက် လွတ်လပ်ရေးအောင်ပွဲနေ့အခမ်းအနားကို ပါရမီရိပ်သာလမ်းမှာရှိတဲ့ သခင်သိန်းဖေရဲ့နေအိမ်မှာပြုလုပ်ခဲ့ပါတယ်။

အခမ်းအနားကို ဝါရင့်နိုင်ငံရေးသမားကြီးများနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဒီမိုကရေစီပါတီက အမှုဆောင်များနဲ့ တိုင်းရင်းသားအဖွဲ့အစည်းများမှခေါင်းဆောင်များ စုစုပေါင်း (၁၀၀) လောက်တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။

အခမ်းအနားမှာ သဘာပတိအဖြစ် သခင်သိန်းဖေကဦးဆောင်ခဲ့ပြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ထုံးကို နှလုံးမူပြီး ရှဥ့်စွဲသာ ပျားလျှောက်သာဖြစ်အောင် အစိုးရနဲ့နိုင်ငံရေးအင်အားစုတွေ လက်တွဲဆောင်ရွက်သွားဖို့ကို တိုက်တွန်းခဲ့ပါတယ်။

"သခင်သိန်းဖေက သဘာပတိမိန့်ခွန်းပြောပါတယ်။ သဘာပတိမိန့်ခွန်းပြောတဲ့အထဲမှာတော့ "သူတို့နှစ်ပေါင်းမြောက်မြားစွာပေါ့ဗျာ၊ ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်ခဲ့တယ်။ ဒီတိုက်ပွဲတွေဟာ ဒီနေ့အထိလည်း မပြီးသေးဘူး။ အဲဒါကြောင့် အလုပ်ကိုလုပ်ကြပါ။ အလုပ်လုပ်ရင်းလည်း အချင်းချင်းနားလည်မှုတွေရရှိလာလိမ့်မယ်။ နားလည်မှုရှိလာရင် သံသယတွေပျောက်မယ်။ သံသယတွေမရှိဘူးဆိုလို့ရှိရင် ဘုံလုပ်ငန်းတွေ ပေါ်ပေါက်လာလိမ့်မယ်။ အဲဒီကတဆင့် ညီညွတ်ရေးတွေရလိမ့်မယ်။ အထူးသဖြင့်ကတော့ ဆရာကြီးသခင်ကိုယ်တော်မှိုင်းမိန့်ကြားခဲ့တဲ့အတိုင်းပေါ့လေ။ သူမနာ ကိုယ်မနာနည်းနဲ့ ညီညွတ်ရေးကိုတည်ဆောက်ကြပါဆိုပြီးတော့ တိုက်တွန်းသွားတယ်"လို့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းတင် ပြောသွားတာဖြစ်ပါတယ်။ ♦

# ဒေါ်အောင်ဆန်းစုကြည်၏ အမှုပြင်ဆင်ချက် နှစ်ဘက်လျှောက်လဲ

လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်နဲ့ ဆက်လက်ထိန်းသိမ်းထားတာနဲ့ပတ်သက်ပြီး အကျိုးဆောင်ရှေ့နေတွေက အမှုပြင်ဆင်ချက်ကို လျှောက်ထားတင်ပြခဲ့တာနဲ့ပတ်သက်ပြီး ဗဟိုတရားရုံးချုပ်မှာ ဇန်နဝါရီလ ၁၈ ရက်က ကြားနာစစ်ဆေးခဲ့ပါတယ်။

ရန်ကုန်မြို့ ဗဟိုတရားရုံးချုပ်ကကြားနာပွဲကို ဒေါ်အောင်ဆန်းစုကြည်တက်ရောက်ခွင့်မရခဲ့ပေမယ့် ရှေ့နေကြီးဦးကြည်ဝင်းနဲ့ ဦးဉာဏ်ဝင်းတို့အပြင် သံတမန်တချို့တို့တက်ရောက်ခဲ့ကြပါတယ်။

ဒေါ်အောင်ဆန်းစုကြည် အမှုအတွက် ရှေ့နေကြီးဦးကြည်ဝင်းနဲ့ ဦးဉာဏ်ဝင်းတို့က ဆောင်ရွက်ခဲ့ကြပြီး ဒေါ်ခင်ခင်ဝင်းနဲ့ မဝင်းမမတို့ရဲ့အမှုအတွက်ကိုတော့ ရှေ့နေဦးလှမျိုးမြင့်နဲ့ ဒေါ်ခင်ဌေးကြွယ်တို့ကဆောင်ရွက်ခဲ့ကြပါတယ်။

တရားရုံးကို တင်ပြလျှောက်လဲတာနဲ့ပတ်သက်ပြီး ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရပ်ဆိုင်းခဲ့တာကြောင့် အဲဒီဥပဒေမှာပါတဲ့ ပုဒ်မ ၅ ခုကိုထုတ်ပြီး ဒေါ်အောင်ဆန်းစုကြည်ကိုအရေးယူထားတာက ဥပဒေနဲ့မကိုက်ညီဘူးလို့ လျှောက်ထားခဲ့တဲ့အကြောင်း ဦးကြည်ဝင်းကပြောပါတယ်။

အစိုးရဘက်ကလည်း ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက ရပ်ဆိုင်းသွားပြီဆိုတဲ့အချက်ကို လက်ခံပေမယ့် ရာနှုန်းပြည့်ရပ်ဆိုင်းသွားတယ်ဆိုတာလက်မခံဘဲနဲ့ ခြွင်းချက်ထားပြီး တည်ဆဲဥပဒေတွေမှာ ၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ သက်ဆိုင်တဲ့အပိုင်းတွေတည်ရှိနေသေးတယ်လို့ တရားရုံးကိုလျှောက်လဲပါတယ်။

ဒီအမှုနဲ့ပတ်သက်ပြီး ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားချက်အရ ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်စတင်ကျင်းပတဲ့နေ့ကစပြီး ဥပဒေက အသက်ဝင်မှာဖြစ်တဲ့အတွက် ပထမအကြိမ်ပြည်သူ့လွှတ်တော်မခေါ်မီတွင် ဒေါ်အောင်ဆန်းစုကြည်အား အရေးယူရန်မဖြစ်နိုင်ကြောင်းကိုလည်း ဦးကြည်ဝင်းက ပြောပါသေးတယ်။



ဒေါ်အောင်ဆန်းစုကြည်အမှုနဲ့ပတ်သက်ပြီး ဇန်နဝါရီလ တတိယပတ်အတွင်း စီရင်ချက်ချနိုင်တဲ့အကြောင်း သတင်းတွေထွက်ပေါ်နေပေမယ့် တရားရုံးကတော့ အတိအကျမပြောခဲ့ဘူးလို့ ဦးကြည်ဝင်းက ဗွီအိုအေကို ပြောပါတယ်။ ♦

စာမျက်နှာ (၁၀) မှ အဆက်...

ရွက်နိုင်မယ့်ကိစ္စမျိုးတွေကို ထောက်ခံသွားမှာဖြစ်ပြီး ကုလသမဂ္ဂနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အထောက်အကူတွေပေးနိုင်ကြောင်း၊ စစ်အစိုးရကိုပြောထားပြီးဖြစ်တဲ့အကြောင်းကိုလည်း ကြေညာချက်မှာ ဖော်ပြထားပါတယ်။

ဒါ့အပြင် မြန်မာပြည်သူတွေအနေနဲ့ ကမ္ဘာ့အသိုင်းအဝိုင်းထဲကို အပြည့်အဝ ပြန်ဝင်လာနိုင်မယ့်နေ့ကို ရောက်ရှိဖို့အတွက် သင့်တော်တဲ့နည်းလမ်းပေါင်းစုံနဲ့ကူညီဖို့ အဆင်သင့်ရှိပါကြောင်းကိုလည်း မစ္စတာဂျင်ဝက်ဘ်ရဲ့ကြေညာချက်မှာ ထည့်သွင်းထားပါတယ်။ ♦

စာမျက်နှာ (၁၄) မှ အဆက်...

လက်မခံနိုင်သေးတဲ့အတွက် အဲဒီ ရပ်တည်ချက်အတွက် စစ်အစိုးရနဲ့ သဘော မတိုက်ဆိုင်တာကြောင့် မွန်ပြည်သစ်ပါတီဘက်က သတိထားစောင့်ကြည့်နေရတာဖြစ်တယ်လို့ နိုင်ထောမွန်က ပြောပါတယ်။

မွန်ပြည်သစ်ပါတီအနေနဲ့ အပစ်ရပ်ပြီး နိုင်ငံရေးအရဖြေရှင်းခြင်းနဲ့ တိုင်းရင်းသားအရေး၊ ဒီမိုကရေစီအရေးတွေကို ပြေလည်အောင်ဖြေရှင်းဖို့ အကောင်းဆုံးနည်းက တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး အဖြေရှာခြင်းဖြစ်တာကြောင့် ဆွေးနွေးပွဲဖြစ်ဖို့ကြိုးစားနေတာပါလို့ ပြောပါတယ်။ တဆက်တည်းမှာပဲ စစ်အစိုးရက ရွေးကောက်ပွဲဖြစ်ဖို့ အတွက် ၂၀၀၈ ဖွဲ့စည်းပုံကိုအခြေခံပြီး ကြိုးစားနေတာကြောင့် ဖွဲ့စည်းပုံဥပဒေမှာလည်း ပြင်သင့်တဲ့အချက်တွေကို မပြင်ခဲ့ရင် ရွေးကောက်ပွဲကို လက်ခံနိုင်မှာမဟုတ်တဲ့အတွက် ဆွေးနွေးဖြစ်ဖို့ကို ဆက်ပြီးတော့ တိုက်ပွဲဝင် တင်ပြနေဆဲဖြစ်တယ်လို့ မွန်ပြည်သစ်ပါတီဥက္ကဌ နိုင်ထောမွန်က မွန်အမျိုးသားနေ့မှာ ပြောကြားခဲ့ပါတယ်။

\+ + +


မြန်မာနိုင်ငံလွတ်လပ်သည့် သတင်းအေဂျင်စီမှ ထုတ်ဝေသည်။

# အဖွဲ့ချုပ် ဒုဥက္ကဌနှင့် ကာကွယ်ရေးဦးစီးချုပ်ဟောင်း ဦးတင်ဦး နေအိမ်အကျယ်ချုပ်က လွှတ်မြောက်



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုဥက္ကဌဦးတင်ဦးကို နေအိမ်အကျယ်ချုပ်နဲ့ ထိန်းသိမ်းထားရာက ဖေဖော်ဝါရီလ (၁၃) ရက်ညပိုင်းမှာ ပြန်လွှတ်ပေးလိုက်ပါတယ်။ အသက် (၈၃) နှစ်ရှိပြီဖြစ်တဲ့ ဦးတင်ဦးဟာ ပြန်လွှတ်လာချိန်မှာ ကျန်းမာရေးအခြေအနေ စိုးရိမ်ရတာမရှိပေမယ့် မျက်စိခွဲစိတ်ကုသတာကို ခံယူထားခါစဖြစ်တယ်လို့ သိရပါတယ်။

ဦးတင်ဦးဟာအရင်က ကာကွယ်ရေးဦးစီးချုပ်အဖြစ်နဲ့ တိုင်းပြည်တာဝန်ကိုထမ်းဆောင်ခဲ့စဉ် မြန်မာ့တပ်မတော်အတွင်းမှာ အများကချစ်ခင်လေးစားတာကို ခံခဲ့ရသူဖြစ်ပါတယ်။ လက်ရှိမှာလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဒုတိယဥက္ကဌအဖြစ်နဲ့ ပါတီဝင်တို့ရဲ့ယုံကြည်လေးစားခြင်းကိုရရှိသူလည်းဖြစ်ပါတယ်။

၂၀၀၃ ခုနှစ် မေလ ၃၀ ရက်မှာ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ မြန်မာပြည်အထက်ပိုင်း စည်းရုံးရေးခရီးသွားရောက်နေစဉ် ဒီပဲယင်းမြို့အနားမှာ အာဏာပိုင်တို့ရဲ့လက်အောက်ခံအဖွဲ့တွေက ချောင်းမြောင်းတိုက်ခိုက်တာကို ခံခဲ့ရပါတယ်။

တိုက်ခိုက်ခံရအပြီးမှာ ပုဒ်မ ၁၀ (က) နဲ့ စစ်ကိုင်းတိုင်း ကလေးမြို့အကျဉ်းထောင်မှာ (၉) လလောက်ဖမ်းဆီးချုပ်နှောင်ခံရကာ ၂၀၀၄ ခုနှစ် ဖေဖော်ဝါရီလမှာ ပုဒ်မ ၁၀ (ခ) နေအိမ်အကျယ်ချုပ်အဖြစ်နဲ့ ပြောင်းလဲချမှတ်ပြီး နှစ်စဉ်သက်တမ်းတိုး ချုပ်နှောင်ခံခဲ့ရတာပါ။

၂၀၁၀ ဖေဖော်ဝါရီလ ၁၃ ရက်က (၆) နှစ်ကာလ အကျယ်ချုပ်သက်တမ်းပြည့်လို့ ပြန်လည်လွှတ်မြောက်လာတာဖြစ်ပါတယ်။

ဦးတင်ဦးဟာ လုပ်ဖော်ကိုင်ဘက်တွေ အကျဉ်းကျနေဆဲဖြစ်တာကြောင့် သူ့အနေနဲ့ အခုလိုပြန်ပြီးတော့လွှတ်လာရတာကို ဝမ်းမသာပါဘူးလို့ မဇ္ဈိမသတင်းဌာနကို ပြောပါတယ်။

ဆက်ပြီးတော့ နိုင်ငံရေးအရလည်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ရဲ့ အမိန့်ကိုနာခံပြီး ပါတီရှေ့ရေးကို ညီညီညွတ်ညွတ်နဲ့ တိုင်ပင်လုပ်ဆောင်သွားမှာဖြစ်ကာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခေါင်းဆောင်မှုကို ဆက်လက်ခံယူပြီးတော့လည်း ဒီမိုကရေစီရတဲ့တိုင် ဆက်လက်လုပ်ဆောင်သွားမှာဖြစ်တယ်လို့ ပြောပါတယ်။

လွှတ်မြောက်ပြီးနောက်တနေ့ ဖေဖော်ဝါရီလ (၁၄) ရက် နံနက်ပိုင်းမှာ နေအိမ်ကစထွက်ပြီး ရွှေတိဂုံဘုရားကို သွားရောက်ဂါရဝပြုကာ ဒေါ်အောင်ဆန်းစုကြည်နဲ့တကွ နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်မြောက်ရေးအတွက် ဆုတောင်းခဲ့ပါတယ်။

နေ့လည်ပိုင်းမှာ ပါတီဥက္ကဌ ဦးအောင်ရွှေကို သွားရောက်တွေ့ဆုံပြီး တဆက်တည်းမှာဘဲ ဦးလွင်နဲ့ ဦးလွန်းတင်တို့ကိုပါ သွားရောက်တွေ့ဆုံနှုတ်ဆက်ခဲ့ပါတယ်။

အာဏာပိုင်များဘက်က လိုက်ပါစောင့်ကြည့်တာကလွဲလို့ တစုံတရာ ဟန့်တားနှောက်ယှက်တာတွေ မရှိဘူးလို့ သတင်းများအရ သိရပါတယ်။

# လှိုင်သာယာစက်မှုဇုံက အလုပ်သမားဆန္ဒပြမှုနဲ့ ဦးဝင်းတင်အမြင်



ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုံ (၃) က (မြဖက်ရှင်) အိုပယ် ၂ နဲ့ တိုင်ယီအထည်ချုပ်စက်ရုံမှာ အလုပ်လုပ်နေကြတဲ့ အလုပ်သမား ၄၀၀၀ ကျော်ဟာ လခတိုးမြှင့်ရရှိဖို့နဲ့ အလုပ်သမားအခွင့်အရေးတွေအတွက် ဖေဖော်ဝါရီလ (၈) ရက်ကစပြီးတော့ ငြိမ်းချမ်းစွာနဲ့ ဆန္ဒပြတောင်းဆိုခဲ့ကြပါတယ်။

လှိုင်သာယာက အလုပ်သမားများ ဆန္ဒပြတောင်းဆိုနေတာနဲ့ ပတ်သက်လို့ မြန်မာစစ်အစိုးရပိုင်သတင်းမီဒီယာတွေက ထုတ်ဖော်ပြောဆိုခြင်း မရှိခဲ့ပါဘူး။

သို့သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အလုပ်သမားများအပေါ် မျက်ခြေမပြတ်စောင့်ကြည့်နေပါတယ်လို့ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးဝင်းတင်က ဗွီအိုအေကို ပြောပါတယ်။

မြန်မာတနိုင်ငံလုံးမှာရှိတဲ့ ဝန်ထမ်းတွေကို လစာငွေ နှစ်သောင်းတိုးပေးလိုက်တဲ့အတွက် ကုန်ဈေးနှုန်းတွေတက်သွားတာကြောင့် အခုလိုအလုပ်သမားတွေက လုပ်အားခ တိုးတောင်းတာဟာ တရားတယ်။ ပြီးတော့ အခုလို အလုပ်သမားတွေ တောင်းဆိုနေတဲ့အပေါ် စစ်အစိုးရ ဘက်က တပ်တွေ၊ ရဲတွေ အမြောက်အများနဲ့ ဝိုင်းဝန်းပိတ်ဆို့၊ တားဆီး၊ ဟန့်တား၊ ခြိမ်းခြောက်နေတာဟာ မသင့်တော်ဘူးလို့ ဦးဝင်းတင်က ပြောပါတယ်။

စက်ရုံပိုင်ရှင်များဘက်က အလုပ်သမားတွေကို လစာတိုးမပေးနိုင်တာက စီးပွားရေးပိတ်ဆို့ထားတာကြောင့်လို့ပြောနေတဲ့အပေါ် နိုင်ငံရေးကိစ္စက သီးခြားဖြစ်တာကြောင့် အလုပ်သမားတွေကို တန်ရာတန်ကြေး၊ လိုအပ်တဲ့အလျောက် လစာတိုးပေးဖို့ဆိုတာက စက်ရုံ၊ အလုပ်ရုံတွေရဲ့ တာဝန်သာ ဖြစ်တယ်လို့လည်း ဦးဝင်းတင်က ပြောပါတယ်။

အခုစက်ရုံတွေက စစ်အစိုးရနဲ့ ပတ်သက်နေသူတွေ၊ နိုင်ငံခြားသားတွေနဲ့ ဆက်စပ်လုပ်ကိုင်နေသူတွေ ဖြစ်တာကြောင့် အလုပ်သမားရေး ဝန်ကြီး ဦးအောင်ကြည်တို့လို ပုဂ္ဂိုလ်တွေက ဆင်းပြီးတော့ ဖြေရှင်းပေးသင့်တဲ့ အခြေအနေမှာ ရဲချုပ်က တပ်အင်အားနဲ့ ခြိမ်းခြောက်နေတဲ့အပေါ်မှာ စိုးရိမ်စရာ အခြေအနေ ဖြစ်နေတယ်လို့လည်း ပြောပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အခုလိုကိစ္စမျိုးတွေကို ဘယ်လိုရပ်တည် ဖြေရှင်းပေးနိုင်သလဲဆိုတဲ့ အမေးကိုတော့ ဦးဝင်းတင်က–

“အဖွဲ့ချုပ်အနေနဲ့ အခုလို ကိစ္စတွေကို ဆောင်ရွက်ဖို့အတွက် ILO

စာမျက်နှာ (၇) ကော်လံ (၄) သို့ ...

# အဖိနှိပ်ခံတွေဘက်ကရပ်တည်ခဲ့တဲ့ ရှေ့နေကိုဖိုးဖြူရဲ့အမှု နေပြည်တော်တရားရုံးချုပ်က ပြန်လည်ကြားနာမည်




မြန်မာနိုင်ငံရှိ အဖိနှိပ်ခံအလုပ်သမားနဲ့ လယ်သမားတွေရဲ့အရေးကို လိုက်လံကူညီဆောင်ရွက်ပေးနေတဲ့ ရှေ့နေကိုဖိုးဖြူကို အသင်းအဖွဲ့များဆိုင်ရာဥပဒေအရ ထောင်ဒဏ်ချမှတ်ထားရာမှ နေပြည်တော် တရားသူကြီးချုပ်ရုံးက ပြန်လည်သုံးသပ်ကြားနာမှာဖြစ်တယ်လို့သိရပါတယ်။

တရားသူကြီးချုပ်ရဲ့ ညွှန်ကြားချက်နဲ့ ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ (၈) အရ ပြန်ဖွင့်ပြီးတော့ ဖေဖော်ဝါရီလ (၁၅) ရက်မှာ သုံးပါးဆိုင် လျှောက်လဲချက်ပေးရမှာဖြစ်ပြီး အသင်းအဖွဲ့ဥပဒေပုဒ်မ (၆) နဲ့ မငြိစွန်းတဲ့အကြောင်းနဲ့ စွပ်စွဲထားတဲ့ အသင်းအဖွဲ့ ဥပဒေပုဒ်မ ၃ (ဂ)၊ ၅ (ဂ) တို့နဲ့လည်း မငြိစွန်းတာကြောင့် ပုဒ်မ ၆ အရ ပြစ်ဒဏ်မချသင့်တဲ့အတွက် လွှတ်ပေးဖို့လျှောက်လဲရမှာဖြစ်ကြောင်း ကိုဖိုးဖြူရဲ့အမှုကို လိုက်ပါဆောင်ရွက်ပေးနေတဲ့ အကျိုးဆောင်ရှေ့နေဦးမြင့်သွင်က ပြောပါတယ်။

မြန်မာနိုင်ငံကိုရောက်နေတဲ့ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ILO ရဲ့ ညွှန်ကြားရေးမှူးခရီးစဉ်နဲ့ မြန်မာစစ်အစိုးရနဲ့ နားလည်မှုစာချုပ်သက်တမ်းတိုးတာတွေနဲ့ ဆက်စပ်နေတယ်လို့ လေ့လာသူတွေက သုံးသပ်ကြပြီး လူ့အခွင့်အရေးရှေ့နေတဦးရဲ့အမှုကို တရားသူကြီးချုပ်ကဆင့်ခေါ်ပြီး အထူးရုံးက တရားသူကြီး ၃ ပါးထိုင်ကြားနာတာဟာ အလွန်ထူးခြားတယ်လို့လည်း ရန်ကုန်ရှေ့နေ အသိုင်းအဝိုင်းက ဆိုပါတယ်။

ရှေ့နေကိုဖိုးဖြူက ILO ကို တိုင်ကြားတဲ့အမှုတွေကို လိုက်ပါဆောင်ရွက်နေရင်းက အခုလိုပြစ်ဒဏ်ချမှတ်ခံခဲ့ရတာမို့ သူ့အမှုနဲ့ပတ်သက်ပြီး ILO အနေနဲ့ မစ္စတာ တာပီယိုလာကိုယ်တိုင် မြန်မာအာဏာပိုင်တွေနဲ့ ဆွေးနွေးပြီး အထူးဂရုစိုက်ဆောင်ရွက်နေပါတယ်လို့ ရန်ကုန်မြို့မှာ အခြေစိုက်တဲ့ ဌာနေကိုယ်စားလှယ် မစ္စတာ စတိဗ်မာရှယ်လ် (Mr.Steve Marshal) က ပြောပါတယ်။

အခြေအနေတွေကို ILOက ရှင်းရှင်းလင်းလင်းပြောထားတယ်။ မြန်မာ အာဏာပိုင်တွေဘက်ကလည်း ILO ကိုတိုင်ကြားမှုတွေနဲ့ ပတ်သက်ပြီး ပြစ်ဒဏ်ချမှတ်မှုနောက်ထပ်မပေါ်ပေါက်စေဖို့ကို သဘောတူခဲ့ပြီးတော့ အာဏာပိုင်တွေအနေနဲ့ ဘယ်လို ဆက်လက်လုပ်ဆောင်မယ်ဆိုတာကို စောင့်ကြည့်နေပါတယ်လို့ စတိဗ်မာရှယ်လ်က ပြောပါတယ်။

စစ်အာဏာပိုင်တွေက အောင်လံမြို့နယ်က လယ်သမားတွေရဲ့ လယ်ယာမြေကို အဓမ္မသိမ်းယူခဲ့တဲ့နောက်ပိုင်း လယ်သမားများက မကျေနပ်တဲ့အတွက် ကမ္ဘာ့အလုပ်သမားအဖွဲ့ကိုတိုင်ကြားခဲ့တဲ့အပေါ် အာဏာပိုင်ဘက်က လက်တုန့်ပြန်တဲ့အနေနဲ့ အမှုလုပ်ခဲ့ပါတယ်။ လယ်သမားတွေရဲ့အမှုကို ကိုဖိုးဖြူက စေတနာ့ဝန်ထမ်း အမှုလိုက်ပေးနေတဲ့ ရှေ့နေတဦးလည်း ဖြစ်ပါတယ်။

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ မိုးကြိုး သတင်းစဉ်သို့ ...

အယ်ဒီတာချုပ်
ဇီဝဇိုး
တာဝန်ခံအယ်ဒီတာ
ရေချမ်း
စာမျက်နှာဖွဲ့စည်းမှု
မောင်ကျော်

စောင်ရေ - ၁၀၀၀
တန်ဖိုး - ၅ ဘတ်

စာမူများ၊ ဝေဖန်အကြံပြုစာများအား အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့နိုင်ကြပါသည်။

P.O.Box (91)
Tak, 63110
Mae Sod,Thailand.
admin@binamojo.org
www.binamojo.org

ပြည်တွင်း
လှုပ်ရှားမှုဓာတ်ပုံများအား
အသုံးပြုခွင့်ပေးသည့်
နိုင်ငံရေး
အံ့တုမှုကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။
အယ်ဒီတာအဖွဲ့

စာမျက်နှာ (၈) မှအဆက်...

ရည်အချင်းရှိသူ၊ အဖွဲ့ချုပ်အပေါ် သစ္စာရှိသူ၊ အဖွဲ့ချုပ်နဲ့ ယနေ့အထိ မကင်းမကွာ တာဝန်ထမ်းဆောင်နေသူ၊ အဖွဲ့ချုပ်ရဲ့ လက်ရှိမူဝါဒသဘောထားတွေအတိုင်း ရပ်တည်နေသူ၊ အဖွဲ့ချုပ်ရဲ့စည်းကမ်းအရ အရေးယူခံနေရသူမဖြစ်စေရဆိုတဲ့ မူ ၅ ချက်နဲ့ ရွေးချယ်သွားမှာဖြစ်တယ်လို့ဆိုပါတယ်။

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းနဲ့ အမျိုးသမီးလုပ်ငန်းအဖွဲ့တို့အနေနဲ့က အများဆုံး ၅ ဦးထက်မပိုစေရဘဲ ရွေးချယ်ဆုံးဖြတ်ရန်နဲ့ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနဲ့ ရှမ်းပြည်နယ်တို့အနေဖြင့် အများဆုံး (၇) ဦးထက် မပိုစေဘဲ ရွေးချယ်ဆုံးဖြတ်ကြရန်ကိုလည်း ညွှန်ကြားထားပါတယ်။

ထိုကဲ့သို့ တိုင်းနဲ့ပြည်နယ် စည်းရုံးရေးအဖွဲ့တို့က ရွေးချယ်ထားသူတွေဟာ ဗဟိုဦးစီးအဖွဲ့ဝင်ဖြစ်ရန် လျာထားခြင်းဖြစ်ကြောင်းနဲ့ လျာထားစာရင်းနဲ့အတူ ဆိုင်ရာပြည်နယ်တိုင်းစည်းရုံးရေးအဖွဲ့ ဥက္ကဋ္ဌနဲ့အတွင်းရေးမှူးတို့က ဌာနချုပ်ကို ဖေဖော်ဝါရီလ ၁၆၊ ၁၇ ရက်တို့မှာ စီအီးစီနဲ့ လာရောက်ညှိနှိုင်းရမှာဖြစ်တယ်လို့ သိရပါတယ်။

စီအီးစီသည် ပြည်နယ်နဲ့တိုင်းများမှ စီစီအဖွဲ့ဝင်ဦးရေတိုးခြင်း၊ လျှော့ခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းလိုအပ်ချက်အရ သင့်တော်သည့်သူ ထည့်သွင်းခြင်းတို့ကို လုပ်နိုင်ခွင့်ရှိကြောင်းနဲ့ စီအီးစီကစိစစ်ပြီး အပြီးသတ်ရွေးချယ်အတည်ပြုကာ စီစီကိုဖွဲ့စည်းမှာဖြစ်တယ်လို့ ရေးသားပါရှိပါတယ်။

ဗဟိုဦးစီးအဖွဲ့စီစီကို ပြည်နယ်နဲ့တိုင်းကိုယ်စားလှယ်များနဲ့ ၁၉၉၀ ခုနှစ်က အဖွဲ့ဝင်ဦးရေ ၈၀ နဲ့ စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၇ ခုနှစ်မှာတော့ အဖွဲ့ဝင်အချို့ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရတာကြောင့် လုပ်ငန်းများရပ်နားသလိုဖြစ်ခဲ့ရတာကြောင့် အခု အသစ်ပြန်လည်ဖွဲ့စည်းမှာဖြစ်တယ်လို့ သတင်းတွေအရ သိရပါတယ်။

♦

စာမျက်နှာ (၉) မှ ...

အဓိကအကျဆုံး။ ဒါသာလျှင် စစ်မှန်သောပြည်ထောင်စုပေါ်လိမ့်မယ်။ ဒါကတချက်ပေါ့။ နောက်တချက်ကတော့ ဒီ လိုဟာမျိုးကိုရောက်ရှိဖို့ဆိုရင် လောလောဆယ် အဟန့်အတားဖြစ်နေတဲ့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေကို ကျနော်တို့ ဝိုင်းဝန်းပြီးတော့ ဆန့်ကျင်ကြဖို့၊ ဒါမှမဟုတ်လို့ရှိရင်လည်း ဒီအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲဖို့အတွက် တောင်းဆိုကြဖို့။ ဒါအဓိကဖြစ်ပါတယ်။ အဲတော့ အဲဒါတွေအကုန်လုံးကို လုပ်နိုင်ဖို့ဆိုရင် ရှေ့ဂိုဏ်တိုင်မှာတောင်းဆိုထားတဲ့အတိုင်းပဲ။ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပဖို့ပေါ့ဗျာ။ တွေ့ဆုံဆွေးနွေးပွဲ ပြန်ကျင်းပဖို့နဲ့ပတ်သက်လို့ကတော့ အဆုံးအဖြတ်ပေးနိုင်တဲ့ ပုဂ္ဂိုလ်များနဲ့ ကျင်းပဖို့၊ အလားတူပဲ ဗမာပြည်ရဲ့ ကံကြမ္မာကိုဖန်တီးတဲ့ကိစ္စရပ်များ မှန်သမျှမှာ တိုင်းရင်းသားများမပါလို့မဖြစ်ဘူး။ တိုင်းရင်းသားတွေကို မေ့ချန်ထားလို့မရဘူးဆိုတာ ဒါကို လက်ခံပါတယ်။ အဓိက ပထမဦးဆုံးလိုချင်တာကတော့ ယနေ့ပေါ်ပေါက်နေတဲ့ပြဿနာများ၊ အထူးသဖြင့် ၂၀၀၈ အခြေခံဥပဒေပြဿနာများကိုဖြေရှင်းဖို့၊ တွေ့ဆုံဆွေးနွေးပွဲများ ကျင်းပဖို့ပဲဖြစ်ပါတယ်။ အဲဒီအထဲမှာလည်း တိုင်းရင်းသားလူမျိုးစုများရဲ့အခန်းကဏ္ဍလည်း ကြီးမားစွာပါဝင်တယ်လို့ ကျနော်တို့ သဘောပေါက်ပါတယ်ခင်ဗျာ။

**စောဒေးဗစ်သာကပေါ**။ ။ ကျနော်သဘောတူပါတယ်။ နောက်ပြီးတော့ ဦးဝင်းတင်ပြောသွားတဲ့ သာတူညီမျှမှုဆိုတာက ကျနော်ဆိုလိုတာက ကျနော်တို့ တိုင်းရင်းသားတွေအနေနဲ့က Absolute Equality ဆိုတာထက် Proportional Equality အပေါ်မှာ အခြေခံပါတယ်။ နောက်ပြီးတော့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတာကလည်း ကျနော်တို့ကို နအဖက မတရားဝါဒဖြန့်တာပေါ့ဗျာ။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်က ခွဲထွက်ရေးပဲ။ အမှန်တော့ မဟုတ်ပါဘူး။ ကျနော်တို့ ပြည်ထောင်စုအတွင်းမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် Internal Self Determination ပေါ့ဗျာ။ အဲဒါကို ဆိုလိုတာဖြစ်ပါတယ်။

**ဦးဝင်းတင်**။ ။ ကျနော် ဝမ်းသာပါတယ်။ ကျနော်တို့ တိုင်းရင်းသားများရဲ့အသံကို ကြားချင်ပါတယ်။ ဦးဒေးဗစ်တို့ရော သဘောညီကြတဲ့အတွက်ပေါ့ဗျာ ကျနော် အများကြီးလည်း ဝမ်းသာပါတယ်။ နောက်လည်း တွေ့ဆုံပြီးတော့ စကားပြောကြဦးစို့ရဲ့လို့ ကျနော် ဖိတ်ခေါ်ပါတယ်ခင်ဗျာ။ + + +

# (၆၁) နှစ်မြောက် ကရင့်တော်လှန်ရေးနေ့အခမ်းအနားကျင်းပ



၂၀၁၀ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်မှာကျရောက်တဲ့ ၆၁ နှစ်မြောက် ကရင့်တော်လှန်ရေးနေ့အခမ်းအနားကို KNLA တပ်မဟာ ၇ ခု အသီးသီးမှာ ကျင်းပပြုလုပ်ခဲ့ကြပါတယ်။

၆၁ နှစ်ပြည့်တဲ့ ကရင့်တော်လှန်ရေးနေ့အခမ်းအနားတွေကို တပ်မဟာ (၇) ခုလုံးက ခရိုင်အသီးသီးဖြစ်တဲ့ ဘိတ်၊ ထားဝယ်၊ ကော့ကရိတ်၊ ဖားအံစတဲ့နယ်မြေတွေမှာ အားလုံးကျင်းပကြတယ်လို့ KNUဒုဥက္ကဋ္ဌ ပဒိုဒေးဗစ်သာကပေါကပြောပါတယ်။

“နအဖကနေပြီး မမှန်မကန်နဲ့ အတင်းအဓမ္မလုပ်ယူထားတဲ့ ၂၀၀၈ အခြေခံဥပဒေအရ သူကနေပြီးတော့ ရွေးကောက်ပွဲလုပ်ဖို့ကြိုးစားတယ်။ အဲဒါအခြေခံဥပဒေက ဒီမိုကရေစီအတွက်လည်း ဘာမှမရှိဘူး။ နောက်ပြီးတော့ တိုင်းရင်းသားတွေလိုအပ်တဲ့ စစ်မှန်တဲ့ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက်လည်း ပြဋ္ဌာန်းချက်တွေမရှိဘူးပေါ့ဗျာ။ လိုအပ်ချက်တွေအတွက် ဆက်လက်ပြီးတော့ အပြင်းအထန်တိုက်ပွဲဝင်ဖို့လိုတယ်။ ဒီနှစ်ကတော့ အရေးကြီးတဲ့နှစ်ပေါ့ဗျာ။ နအဖက စိန်ခေါ်တဲ့နှစ်၊ ကျနော်တို့က ဒီစိန်ခေါ်မှုကို ရင်ဆိုင်ပြီးတော့ မှန်မှန်ကန်ကန်ဖြစ်အောင် တိုက်ပွဲဝင်သွားရမယ့်နှစ်ဖြစ်ပါတယ်။”

နိုင်ငံတကာမှာရောက်နေကြတဲ့ ကရင်အမျိုးသားတွေနဲ့ ၆၁ နှစ်မြောက် ကရင်အမျိုးသားနေ့အခမ်းအနားကျင်းပကြတဲ့ တပ်ရင်းတပ်ဖွဲ့အသီးသီးကို ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဖိုလ်ချုပ်တာမလာဘောရဲ့မိန့်ခွန်း ပေးပို့ခဲ့ပါတယ်။

မိန့်ခွန်းမှာ စစ်အစိုးရလုပ်နေတဲ့၊ မဟုတ်မမှန်တာတွေကို ကရင်အမျိုးသားအချင်းချင်း ညီညွတ်မှုနဲ့ ၆၁ နှစ်တာဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံတွေနဲ့အတူ ကေအဲန်ယူရဲ့လမ်းစဉ်ပေါ်မှာ မှန်မှန်ကန်ကန်ရပ်တည်ပြီးတော့ ဆက်လက်တိုက်ပွဲဝင်ဖို့လိုတယ်လို့ ဖိုလ်ချုပ်တာမလာဘောရဲ့မိန့်ခွန်းမှာ ရေးသားထားပါတယ်။

## ဖွဲ့စည်းပုံဥပဒေပါအချက်တချို့ပြင်ဆင်ရန် (၆၃) နှစ်မြောက် မွန်အမျိုးသားနေ့တွင်တောင်းဆို




မြန်မာစစ်အစိုးရအနေနဲ့ ၂၀၁၀ ရွေးကောက်ပွဲအတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေထဲက အချက်တချို့ကို ပြင်ဆင်ဖို့လိုအပ်တယ်လို့ (၆၃) ကြိမ်မြောက် မွန်အမျိုးသားနေ့မှာ ပြောဆိုလိုက်ပါတယ်။

အခမ်းအနားကို ထိုင်း–မြန်မာ နယ်စပ် ဘုရားသုံးဆူမြို့နယ်၊ ဂျပန်ရေတွင်းကျေးရွာမှာ ဇန်နဝါရီလ ၃၀ ရက်နံနက်က ကျင်းပခဲ့တာပါ။ အခမ်းအနားကို ပြည်တွင်းပြည်ပက မွန်အမျိုးသားများနဲ့ဒေသခံအာဏာပိုင်တို့လည်းတက်ရောက်ကြပါတယ်။

အခမ်းအနားမှာ “အပစ်ရပ်စဲထားတဲ့အဖွဲ့တွေကြားမှာ တူညီတဲ့မူတွေအရ စစ်မှန်တဲ့ပြည်ထောင်စုတခုတည်းရဲ့ လူထုကရွေးချယ်ထားတဲ့အစိုးရတရပ်ရဲ့အောက်မှာ တပ်မတော်တခုတည်းရှိရမယ်။ လူမျိုးစုတိုင်းရင်းသားတပ်အသီးသီးကလည်း မိမိတို့ဆိုင်ရာပြည်နယ်၊ ဒေသအစိုးရရဲ့ကွပ်ကဲမှုအောက်မှာ ရှိရမယ်ဆိုတဲ့အခြေခံမူ (၂) ခုက တူညီပြီး လက်တွေ့ပြေလည်အောင် အချင်းချင်းညှိနှိုင်းဖို့လိုမယ်”လို့ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌ နိုင်ထောမွန်က မွန်အမျိုးသားနေ့မှာ ဗီဒီအိုအေကိုပြောပါတယ်။

ဆက်ပြီးတော့ နယ်ခြားစောင့်တပ်အဖြစ်အသွင်ပြောင်းဖို့ တိုက်တွန်းနေတဲ့အပေါ်မှာလည်း လူထုက

စာမျက်နှာ (၁၁) မှကော်လံ (၄) သို့ ...



# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

## ဗဟိုအလုပ်မှုဆောင်ကော်မတီအသစ်ပြန်လည်ဖွဲ့စည်း

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို အဖွဲ့ဝင် သစ်တွေနဲ့ တိုးချဲ့ဖွဲ့စည်းလိုက်ပါတယ်။

ဗဟိုအလုပ်အမှုအဆောင်အဖွဲ့ရဲ့ လက်ရှိအဖွဲ့ဝင် (၉)ဦးအပြင် ထပ်မံ အားသစ်ဖြည့် ဖွဲ့စည်း လိုက်တာကတော့ ...



ဒေါက်တာသန်းငြိမ်း



ဦးအုန်းကြိုင် (ခ) အောင်ဝင့်



ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်



ဦးညာဏ်ဝင်း



ဒေါက်တာဝင်းနိုင်



ဦးဟံသာမြင့်



ဦးဝင်းမြင့်



ဦးသိန်းညွန့် (မောင်သိန်းညွန့် - ကော့ကရိတ်)



ဒေါက်တာမေဝင်းမြင့်

# ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်အစိုးရဝန်ကြီးတို့ (၄) ကြိမ်မြောက်တွေ့ဆုံ



၂၀၁၀ ခုနှစ်အတွင်းပထမဆုံးအကြိမ်တွေ့ဆုံမှုအဖြစ် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်အစိုးရဆက်ဆံရေးဝန်ကြီးဦးအောင်ကြည်တို့ဇန်နဝါရီလ (၁၅) ရက်နေ့ကတွေ့ဆုံခဲ့ကြောင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်တွင် နေ့လည် (၁) နာရီမှ (၁) နာရီ (၂၅) မိနစ်အထိ (၂၅) မိနစ်ကြာ တွေ့ဆုံခဲ့တယ်လို့အဲန်အယ်လ်ဒီပြန်ကြားရေးတာဝန်ခံဦးခင်မောင်ဆွေက ပြောဆိုပါတယ်။

"တွေ့တယ်၊ အသေးစိတ်ကိုတော့ မသိရသေးဘူး။ ဒေါ်အောင်ဆန်းစု ကြည်နဲ့ ဦးအောင်ကြည်တွေ့တဲ့ကိစ္စကို နှစ်ဦးနှစ်ဖက် သဘောတူညီချက်မရှိဘဲ မထုတ်ပြန်ဖို့ သဘောတူထားတယ်" လို့ ဦးခင်မောင်ဆွေကပြောပါတယ်။

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏အထူးကိုယ်စားလှယ် မစ္စတာဂန်ဘာရီ၏အကြံပြုချက်အရ ဒေါ်အောင်ဆန်းစုကြည်နှင့်လုပ်ငန်းများဆက်သွယ်ဆောင်ရွက်ရန်အတွက် အလုပ်သမားဝန်ကြီး ဦးအောင်ကြည်ကို ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ (၈) ရက်နေ့က ဆက်ဆံရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်ပါတယ်။ ထိုသို့ခန့်အပ်ပြီးနောက်ပိုင်း လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်ဆံရေးဝန်ကြီး ဦးအောင် ကြည်တို့တွေ့ဆုံမှုမှာ ယခုအကြိမ်နှင့်ပါဆိုလျှင် (၄) ကြိမ်မြောက်ရှိပြီ ဖြစ်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်မှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ အနောက်နိုင်ငံများမှချမှတ်ထားသော စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုများ လျော့ပါးသက်သာစေရန် ပူးပေါင်းဆောင်ရွက်လိုပါသည်ဟု သူမ၏ဆန္ဒကိုထုတ်ဖော်ထားသည့်စာကို ပေးပို့ပြီးနောက်ပိုင်း ယခုကဲ့သို့တွေ့ဆုံဆွေးနွေးမှုများ ပေါ်ထွက် လာခဲ့ခြင်းဖြစ်ပါတယ်။

ယခုကဲ့သို့ တွေ့ဆုံမှုနှင့်ပတ်သက် ၍အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟို အလုပ်အမှုဆောင်တဦးဖြစ်သူဦးအုန်းကြိုင်က "ဒီနေ့တွေ့ဆုံတာမှန်တယ်ဆိုရင်တော့ ဒါ နှစ်သစ်ကူးမှာ ခြေလှမ်းကောင်းတရပ်လို့ ကျနော်ထင်ပါတယ်။ ဒါ အပြုသဘောဆောင်တဲ့ တွေ့ဆုံမှုဖြစ်လိမ့်မယ်လို့ ကျနော်တို့ မျှော်လင့်ပါတယ်" လို့ ပြောကြားသွားပါတယ်။ ယခုကဲ့သို့သောတွေ့ဆုံမှုမျိုးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့်ကြိုဆိုပြီး ယခုအတိုင်း ဆက်သွားလိမ့်မယ်လို့ မျှော်လင့်ပါကြောင်းကိုလည်း ဆက်လက်ပြောကြားသွား ခဲ့ပါတယ်။ + + +